
mgyoe.com SAMPLE BOOK



တင်ညွန့်

# COUNTER DEMOCRACY
# ကောင်တာ ဒီမိုကရေစီ

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံတွင် နုနယ်လုသေးသည့် ဒီမိုကရေစီ ရှက်နုလေးသည် လေပြင်းဒဏ်ကြောင့် စုတ်ပြတ်ပဲ့ထွက်သွားမည်ကို စိုးရိမ်သဖြင့် ဒီမိုကရေစီ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် ရှောင်ရှားနိုင်ရေးအတွက် ဤစာအုပ်ကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီကို ဆန့်ကျင်နိုင်သော၊ တိုက်ခိုက်နိုင်သော၊ ပျက်စီးစေနိုင်သော သဘောတရားများကို သိမြင်ပြီး ဒီမိုကရေစီကို ကာကွယ်ကြရန် တိုက်တွန်းလိုက်ပါသည်။

[illegible]

လွတ်လပ်မှုသည် တန်ဖိုးကြီးလှသည်။ ထိုတန်ဖိုးကြီးလှသည့် လွတ်လပ်မှုကို အစိုးရကလည်း ထောင်ချခြင်း၊ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်းများဖြင့် ကျူးလွန် ချိုးဖောက်တတ်သည်။ အစိုးရကိုယ်တိုင်ကိုယ် ထုတ်ပြန်ထားသည့် ဥပဒေကို မလိုက်နာနိုင်လျှင် လွတ်လပ်မှုသည် အဓိပ္ပာယ်မရှိ။

တောင်တာဒီမိုကရေစီ မှ

အများဆန္ဒဖြင့် တင်မြှောက်သည် ဆိုတိုင်း ပြည်သူကို အမှန်တကယ် ကိုယ်စားပြုသူ ဟုတ် မဟုတ်၊ ပြည်သူကို စီမံအုပ်ချုပ်နိုင်စွမ်းရှိသူ ဟုတ် မဟုတ် ပြန်လည်ဆန်းစစ်ရန် လိုလာပါသည်။ ဒီမိုကရေစီ အဆောက်အအုံကြီး တစ်ခုထဲတွင် အရည်အချင်း မရှိသူများဖြင့် ပြည့်နေလျှင် ဒီမိုကရေစီ အောင်မြင်မည် မဟုတ်ပေ။ အရည်အချင်းမဲ့သူများ စိုးမိုး အုပ်ချုပ်ခြင်းဖြင့်လည်း ဒီမိုကရေစီ ဆန့်ကျင်မှုများ ဖြစ်လာနိုင်ပါသည်။

ဒီမိုကရေစီ သေဆုံးခြင်း မှ

Wisdom House

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

❑ဒီမိုကရေစီသည် လွတ်လပ်လိုမှုမှ စတင်လာသလို ထို လွတ်လပ်လို မှုကြောင့်သာ ဒီမိုကရေစီ ပျက်သုဉ်းရလိမ့်မည်ဟု ကြိုတင် နိမိတ်ဖတ်ထားကြသည်။ လွတ်လပ်မှုကို အတိုင်းအဆမရှိ တောင်းဆိုလာခြင်း၊ လွတ်လပ်မှု မရှိလျှင် လူမပီသ ဟူ၍ မြင်လာခြင်းများသည် ဒီမိုကရေစီအတွက် အန္တရာယ်များ ဖြစ်လာနိုင်သည်။

*ဒီမိုကရေစီ ဘေးထွက်ဆိုးကျိုးများမှ*

❑လွှတ်တော်နှင့် ပြည်သူ ဆိုသည်မှာ အပြန်အလှန် ထိန်းကျောင်းသည့် အသွင်ဆောင်သင့်ပါသည်။ ပြည်သူ ဖြစ်စေချင်သည်ကို လွှတ်တော်က ဖော်ဆောင်ရန် ဖြစ်သင့်ပြီး လွှတ်တော်ကဖြစ်ချင်သည်ကို ပြည်သူက အကောင်အထည်ဖော်ပေးရန် ဟုတ်မဟုတ် စဉ်းစားသင့်ပါသည်။

*တံခါးဖွင့် ပါလီမန်မှ*

❑ဒီမိုကရေစီ ကျင့်ထုံး ဆိုသည်မှာ ဒီမိုကရေစီ ရရှိရေးအတွက် အဆင့်တစ်ဆင့် တက်ခြင်းသာ ဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းကြီး တစ်ခုလုံးကို နေ့ချင်းညချင်း ရတနာပုံကိန်းဆိုက်စေရန် အာမခံချက် ပေးမထားပါ။ ပြည်သူကို အလေးအမြတ်အထားဆုံး အစိုးရအနေဖြင့် ပြည်သူ့အကျိုးကို အကောင်းဆုံး ဆောင်ရွက်ကြရန်သာ ဦးတည်လုပ်ဆောင်နေကြခြင်း ဖြစ်ပြီး အောင်မြင်မည်၊ မအောင်မြင်မည် ဆိုသည်မှာ စိတ်ကောင်း၊ စေတနာကောင်းအပေါ်တွင် မူတည်ပါသည်။

*ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်များမှ*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | နိုဝင်ဘာလ၊ ၂၀၁၂ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်၊ Wisdom House စာအုပ်တိုက်၊ အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ခင်လှ၊ စာပေလောကပုံနှိပ်တိုက်၊ ၁၇၇၊ ၃၃ လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| အတွင်းဖလင် | ထက်အာကာကျော် |
| စာအုပ်ချုပ် | ကိုနိုင် (ထိပ်တန်း) |
| တန်ဖိုး | ၃၀၀၀ ကျပ် |

၈၀၈. ၈၄

တင်ညွန့်

ကောင်တာဒီပိုကရေစီ/ တင်ညွန့် - ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၁၂။

၂၆၂ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ကောင်တာဒီပိုကရေစီ


mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE
စာအုပ် ၇၅

# ကောင်တာဒီမိုကရေစီ

## တင်ညွန့်

WISDOM HOUSE

အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊
လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၁ ၅၄၅ ၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉-၄၃၀၄၁၈၅၇
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ စကားဦး ... က

၁။ အနာဂတ် ပါလီမန် ဒီမိုကရေစီ ... ၁

၂။ တံခါးဖွင့် ပါလီမန် ... ၇

၃။ ဒီမိုကရေစီ အစိုးရများနှင့် လွှတ်တော်၏ အခန်းကဏ္ဍ ... ၁၃

၄။ လွှတ်တော်နှင့် ဒီမိုကရေစီ သဘောတရား ... ၂၁

၅။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လူ့အခွင့်အရေး ... ၂၉

၆။ နိုင်ငံရေး စိတ်ပါဝင်စားသူများ ဖွဲ့စည်းခြင်းနှင့် နိုင်ငံရေးအသစ် လှုပ်ရှားခြင်း ... ၃၅

၇။ နိုင်ငံရေးတွင် နိုင်ငံရေး စိတ်ဝင်စားသူများ၏ အခန်းကဏ္ဍ ... ၄၁

၈။ အာဏာကို ဆန်းစစ်ကြည့်ခြင်း ... ၄၇

၉။ အာဏာရှင်များ နေဝင်ချိန် ... ၅၃

၁၀။ ဆော့ဖ်ပါဝါနှင့် အင်ဖော်မေးရှင်းပါဝါ ... ၅၉

၁၁။ စေ့စပ်ဆွေးနွေးရေး ပဋိပက္ခပုံစံများ ... ၆၅

၁၂။ ဂိမ်းသီအိုရီဖြင့် အဖြေရှာကြည့်ခြင်း ... ၇၁

၁၃။ ဂိမ်းသီအိုရီမှ ဆင်ခြင်စရာများ ... ၇၉

၁၄။ ဒီမိုကရေစီ အသွင်ပြောင်း ... ၈၅

၁၅။ ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်များ ... ၉၁

၁၆။ ဒီမိုကရေစီ ကျဆုံးတော့မည်လော ... ၉၇

၁၇။ ဒီမိုကရေစီ၏ အနုတ်လက္ခဏာများ ... ၁၀၅

၁၈။ ခေတ်သစ်ဒီမိုကရေစီ စိန်ခေါ်ချက်များ ... ၁၁၁

၁၉။ ဒီမိုကရေစီ ဗလောင်းဗလဲ ... ၁၁၇

၂၀။ ဒီမိုကရေစီ ဘေးထွက်ဆိုးကျိုးများ ... ၁၂၃


mgyoe.com

mgyoe.com SAMPLE BOOK

၂၁။ ဒီမိုကရေစီ တန်ပြန်ဆန့်ကျင်ရေး ၁၃၁
၂၂။ ကောင်တာ ဒီမိုကရေစီ ၁၃၇
၂၃။ ကိုယ်ပေး ကိုယ်ပြန်ရ ဒီမိုကရေစီလောက ၁၄၅
၂၄။ ပါတီမဲ့ ဒီမိုကရေစီစနစ် ၁၅၁
၂၅။ တူညီသောဂိမ်းနှင့် မတူညီသော ပလေယာများ ၁၆၁
၂၆။ ပြည်သူနှင့် နိုင်ငံရေး စိတ်ဝင်စားမှု ၁၆၉
၂၇။ နိုင်ငံရေး သဘောထားနှင့် နိုင်ငံရေး ခံစားချက်များ ၁၇၇
၂၈။ နိုင်ငံရေးတွင် ပါတီများ၏ အခန်းကဏ္ဍ ၁၈၅
၂၉။ ပါတီများ ကျဆုံးရခြင်းနှင့် ပါတီများ၏ အနာဂတ် ၁၉၃
၃၀။ နိုင်ငံရေးတွင် ပါတီနှင့် ပြည်သူများ၏ အခန်းကဏ္ဍ ၁၉၉
၃၁။ ပါတီများ အကျပ်အတည်းနှင့် နိုင်ငံရေးအစွဲများ ၂၀၇
၃၂။ ပါတီနှင့် နိုင်ငံရေးအာဏာ ၂၁၅
၃၃။ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် ပါတီများ၏ အခန်းကဏ္ဍ ၂၂၁
၃၄။ ပိုလီအာခီ သို့မဟုတ် ဗဟုဒီမိုကရေစီ ၂၂၇
၃၅။ ဒီမိုကရေစီ အကူးအပြောင်း ဝိရောဓိများ ၂၃၅
၃၆။ ဒီမိုကရေစီ သေဆုံးခြင်း ၂၄၃

mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

ဤစာအုပ်သည် ကျွန်တော် ရေးသည့် ဒီမိုကရေစီနှင့် ပတ်သက်သော သုံးအုပ်မြောက်စာအုပ် ဖြစ်ပါသည်။

(၁) ဒီမိုကရေစီနိုင်ငံတော် ဒီမိုကရေစီနိုင်ငံသား (၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ၊ Wisdom House စာပေ)

(၂) ဒီမိုကရေစီ ပါရာဒိုင်း (၂၀၁၂ ခုနှစ် ဧပြီ၊ Wisdom House စာပေ)

ဟူ၍ ဒီမိုကရေစီရေးရာ အတွေးအမြင်များကို ပေါင်းစု ထုတ်ဝေခဲ့ပါသည်။ ယခုစာအုပ် 'ကောင်တာဒီမိုကရေစီ'မှာ ဒီမိုကရေစီနှင့် ပတ်သက်သည့် တတိယမြောက် စာအုပ်ဖြစ်သည်။

ကျွန်တော့်အနေဖြင့် 'ကောင်တာ' ဆိုသည့် စကားကို ဦးစွာ ရှင်းလိုပါသည်။ ကောင်တာ ဆိုသည်မှာ အင်္ဂလိပ်စကားလုံး *Counter* ကို ဆိုလိုပါသည်။ အင်္ဂလိပ်စကားလုံးတွင် ရှေ့ဆက် *(prefix)* စကား အနေဖြင့်သုံးပြီး ဆန့်ကျင်မှုသဘော သက်ရောက်သည့် အဓိပ္ပာယ် အနေဖြင့် တွဲသုံးလေ့ရှိသည်။ ဥပမာ- *counter-attack, counter-argument, counter-demonstration* ဆိုသည့် သဘောမျိုးဖြင့် ဆန့်ကျင်သည့်သဘော၊ တန်ပြန်သည့်သဘော၊ တုံ့ပြန် တိုက်ခိုက်သည့်အနက်ဖြင့် သုံးပါသည်။ ကျွန်တော့်အနေဖြင့် ဒီမိုကရေစီကို တန်ပြန် ဆန့်ကျင်လိုသည့် သဘောဖြင့် ဤစာအုပ်ကို ရေးသားခြင်း မဟုတ်ကြောင်း ဦးစွာပထမ ဝန်ခံလိုပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

၁၉၈၈ ကတည်းက ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ သံတွေ ညံလာခဲ့သည်။ ဒီမိုကရေစီကို စနစ်တကျ မစီမံတတ်သဖြင့် ဒီမိုကရေစီ ဆုံးရှုံးခဲ့ရပြီး အလှမ်းဝေးသွားခဲ့ရသည်။ ကျွန်တော်သည် ၁၉၈၈ မြန်မာနိုင်ငံ အနေအထားကို ယမန်နှစ်က လစ်ဗျားနိုင်ငံတွင် ဖြစ်သွားသည့် အာရပ်နွေဦး လှုပ်ရှားမှုနှင့် သွားပြီး ထပ်တူပြုကာ ကြည့်မိသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ စိုးမိုးလာသည့် တစ်ပါတီ အာဏာရှင်စနစ် ကျဆုံးသွားသည်။ လစ်ဗျားတွင် ကဒါဖီ ကျဆုံးသွားသည်။ လစ်ဗျား၏ လမ်းများပေါ်သို့ လူတွေ ထွက်လာစေရန် ဘလော့ဂ်ဂါတွေက တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ၈၈ မျိုးဆက်တွေက တော်လှန်ရေးကို တပ်လှန့်ခဲ့သလို လစ်ဗျားတွင်လည်း ဘလော့ဂ်ဂါတွေက တော်လှန်ရေးကို ဦးဆောင်ခဲ့သည်။ သို့သော် ဒီမိုကရေစီကို အာဏာရှင်များလက်မှ တိုက်ယူရင်း ဒီမိုကရေစီနှင့် အလှမ်းဝေးခဲ့ကြရသည်။

ထိုအချက်အလက်များကို ပြန်လည် သုံးသပ်ကြည့်လျှင် ဒီမိုကရေစီကို စနစ်တကျ အကောင်အထည် မဖော်နိုင်ခဲ့ခြင်း၊ လူထုမြတ်နိုးသော ဒီမိုကရေစီကို လူထုကပင် ပြန်လည်နင်းချေသလို ဖြစ်သွားသည်ကို အာဏာနှင့် လက်နက်တို့ဖြင့် ပြန်လည်စိုးမိုး သိမ်းပိုက်မှု ခံလိုက်ရခြင်းကြောင့် ဒီမိုကရေစီနှင့် နှစ်ပေါင်းများစွာ ပြန်လည်ကင်းကွာသွားခဲ့ရခြင်း ဖြစ်ကြောင်း တွေ့ရပါသည်။

၂၀၁၀ ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အရိပ်အယောင်တွေ ပြန်လည် နိုးထလာသည်။ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ပြည်သူ့ကိုယ်စားလှယ်တွေနှင့် လွှတ်တော်အရပ်ရပ် ဖြစ်လာသည်။ အမျိုးမျိုးသော တားဆီးမှုများ ကြားမှ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်လာသည်။ ၈၈ မျိုးဆက် ကျောင်းသားတွေ လွှတ်လာသည်။ လက်နက်ကိုင်များနှင့် အစိုးရတို့ ငြိမ်းချမ်းရေးတွေ တည်ဆောက်ကြသည်။ အစိုးရ ခေါင်းဆောင်ပိုင်းတွင် တာဝန်ယူထားသည့် ယခင် စစ်ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ၈၈ မျိုးဆက်တွေ လက်ဆွဲနှုတ်ဆက်ကြသည်။ တိုင်းပြည် ကောင်းစားရေးအတွက် မပူးပေါင်းနိုင်စရာ အကြောင်းမရှိ၊ မလုပ်နိုင်စရာ အကြောင်းမရှိ ဆိုသည့် သဘောဖြင့် အားလုံး လက်တွဲကာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဒီမိုကရေစီတွင် အလွန်အကျူး လွတ်လပ်ခွင့်ကို ဆန့်ကျင်သည့် ကောင်တာဒီမိုကရေစီမျိုးကလည်း အရေးကြီးပါသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီကို ထိန်းကျောင်းခြင်း ဖြစ်သည်။ ဒီမိုကရေစီကို ထိန်းကျောင်းသူများ မရှိလျှင် သို့မဟုတ် ဒီမိုကရေစီကို တန်ပြန်ဆန့်ကျင်သူများ မရှိလျှင် ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ် ဆိုသူများသည် သူတို့ကိုယ်သူတို့ မိုးကျရွှေကိုယ်လို၊ မင်းမျိုးမင်းနွယ်လို သတ်မှတ်ပြီး အာဏာရှင်လို အုပ်ချုပ်လာလိမ့်မည်။

နိုင်ငံရေးတွင် ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ခြင်း၊ ဒီမိုကရေစီ တန်ပြန်ဆန့်ကျင်ခြင်းနှင့် နိုင်ငံရေးအရ ချင့်ချိန်ခြင်း သုံးမျိုးသည် ဒီမိုကရေစီ အတွေ့အကြုံကို စမ်းသပ်ခြင်းဟူ၍လည်း ဆိုနိုင်သည်။ ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်များက အစိုးရအနေဖြင့် စနစ်ကို ကျောထောက် နောက်ခံပြုထားသည်။ ဒီမိုကရေစီ တန်ပြန်ဆန့်ကျင်ရေးက လက်ရှိအုပ်ချုပ်ရေးစနစ်နှင့် ဥပဒေတို့ကို စိန်ခေါ်ကာ အသက်ဝင်လှုပ်ရှားစေသည်။ နိုင်ငံရေးအရ စဉ်းစားချင့်ချိန်ခြင်းဖြင့် သမိုင်းရေးအမြင်၊ လူမှုရေးအမြင်များဖြင့် ပိုပြီး ခိုင်မာမှုကို ဖြစ်စေသည်။ ဒီမိုကရေစီ မကျခြင်း၊ ဒီမိုကရေစီ လမ်းကြောင်းမှ သွေဖည်လာခြင်းများကို ဒီမိုကရေစီအား တန်ပြန်ဆန့်ကျင်ပြခြင်း တစ်နည်းအားဖြင့် ကောင်တာ ဒီမိုကရေစီနည်းဖြင့်သာ ပြန်လည်ကုစားနိုင်လိမ့်မည်' ဟူ၍ ကျွန်တော်သည် ဤစာအုပ်ပါ 'ကောင်တာဒီမိုကရေစီ' အခန်းတွင် သတိပေး ရေးသားခဲ့ပါသည်။

ကျွန်တော်သည် ဒီမိုကရေစီကို ဆန့်ကျင်ခြင်း မဟုတ်ပါ။ ဒီမိုကရေစီ ပျောက်ကွယ်ပြီး နောက်ထပ် အာဏာရှင် ပေါ်လာမည်ကို စိုးရိမ်သောကြောင့်သာ ဒီမိုကရေစီကို ကောင်တာလုပ်ပြီး ထိန်းကျောင်းရန် တစ်နည်းအားဖြင့် ဒီမိုကရေစီ ပြိုကွဲ ပျက်စီးနိုင်သည့် အကြောင်းခြင်းရာများကို သိပြီး ဒီမိုကရေစီကို ပြန်လည် ကုစားရန် ရည်ရွယ်ပြီး ဤစာအုပ်ကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ယခုရာစုတွင် ဒီမိုကရေစီသည် ပြိုင်ဘက်ကင်းသည့် အကောင်းဆုံး နိုင်ငံအုပ်ချုပ်ရေး စံတစ်ခုအနေဖြင့် ရပ်တည်နေပါသည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ဒီမိုကရေစီတိုက်ပွဲ၊ ဒီမိုကရေစီ တော်လှန်ရေး၊ ဒီမိုကရေစီ အုပ်ချုပ်ရေးတို့ကို တမ်းတမ်းတတ အော်လာကြသလို အကောင်အထည်လည်း ဖော်လာကြသည်။ သို့သော် ဒီမိုကရေစီသည် မတည်မြဲတတ်ပါ။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သော လူတို့



mgyoe.com

mgyoe.com SAMPLE BOOK

သဘောကြောင့်လည်း ဒီမိုကရေစီ ကျဆုံးခြင်း၊ ဆုံးရှုံးပျောက်ကွယ်ရခြင်းများ ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ဒီမိုကရေစီလူ့ဘောင်ကို ထူထောင်ရန် စိတ်ကူးအိပ်မက်ခဲ့ကြသည်။ ထိုအချိန်လောက်ကသာ ဒီမိုကရေစီ ခိုင်မြဲခဲ့လျှင် မြန်မာနိုင်ငံသည် ယခုလို အချိန်မျိုးတွင် ခိုင်မာစွာ ရပ်တည်နိုင်သော ချမ်းသာသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လောက်ပြီ။ သို့သော် ဒီမိုကရေစီကို လွှတ်ပေးလိုက်မှ ပါတီတွေ တိုက်ခိုက်ကြသည်။ ပါတီတွင်း အကွဲအပြဲဇာတ်လမ်းတွေ စလာသည်။ လွတ်လပ်ရေး တိုက်ပွဲအတွက် သက်စွန့်ကြိုးပမ်းရာတွင် မသေဘဲ ကျန်ခဲ့သည့် တိုင်းပြည် ခေါင်းဆောင်၊ နိုင်ငံခေါင်းဆောင်တို့ အချင်းချင်း ကွဲကြသည်။ ပါတီကွဲ၊ ဂိုဏ်းဂဏကွဲ၊ ဝါဒကွဲ၊ အယူအဆကွဲ၊ လူမျိုးရေး၊ နိုင်ငံရေးတွေကွဲကာ သူတစ်လူငါတစ်မင်း ဖြစ်နေချိန်တွင် မကွဲနိုင်သော၊ ကွဲလို့မရသော စစ်တပ်ကို ကိုင်ထားသူတွေက အာဏာကို ပိုင်ဆိုင်သွားသည်။ နိုင်ငံတစ်နိုင်ငံအတွက် သံဝေဂ ရစရာတွေ များလှသည်။

စစ်တပ်၏အနေအထားသည် ပြည်တွင်းပြည်ပ နိုင်ငံရေး အနေအထားများအရ အင်အားကြီးလာနိုင်ပါသည်။ စစ်တပ်၏ အရေးပါမှုမှာလည်း ထိုပြည်တွင်းပြည်ပ နိုင်ငံရေး အနေအထားနှင့် များစွာဆက်စပ် ပတ်သက်နေတတ်သည်။ ကိုလိုနီ လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေရစဉ် ကာလများအတွင်း စစ်တပ်သည် တွေ့ရာ ကြုံရာလူများဖြင့် ဖွဲ့စည်းထားရသောကြောင့် ပညာတတ် စစ်သည်တော်များ၊ ပညာတတ် အရာရှိများ နည်းပါးခဲ့ရသည်။ သို့သော် စစ်တပ်တွင် အမိန့်နာခံတတ်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကြံ့ခိုင်ခြင်း ဆိုသည့် ပင်ကိုအရည်အသွေးက အရပ်သားပါတီ အဖွဲ့အစည်းများထက် သာလွန်နေသော အချက်ဖြစ်သည်။ အဆိုပါ အချက်များအပေါ်တွင် စစ်သည်တော်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံ ကောင်းစေရန် စစ်ရေးနှင့် ပညာရေးကို ပေါင်းစပ်ပေးနိုင်သည့်အခါတွင် အတိုင်းထက်အလွန် အင်အားကောင်းသော အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်သွားခဲ့ရသည်။

စစ်တပ်၏ အဓိက အားသာချက်မှာ လက်နက်ကိုင်ဆောင်ခွင့်ရှိခြင်း၊ လက်နက်ကို ကိုင်တွယ် သုံးစွဲတတ်ခြင်း စသည့် *size and firepower* တွင် အရပ်သားများထက် အားသာနေခြင်း ဖြစ်သည်။ စစ်တပ်သည် နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ရခြင်းမှာ အရပ်သား



mgyoe.com

mgyoe.com SAMPLE BOOK

အစိုးရများ၏ စိမ်အုပ်ချုပ်နိုင်စွမ်း နည်းပါးမှု၊ အာဏာကို ခွဲဝေသုံးစွဲနိုင်မှုများ အားနည်းလာခြင်းကြောင့်သာဖြစ်သည်။ ကျွန်တော်တို့သည် စစ်တပ်၏ နိုင်ငံရေးတွင် ဝင်ရောက် စွက်ဖက်မှုကို မလိုလားပါက စစ်တပ်လက်အတွင်းသို့ နိုင်ငံရေးအာဏာ ကျဆင်းခြင်း မဖြစ်စေရန် ထိန်းသိမ်း ကာကွယ်ကြရမည်သာ ဖြစ်သည်။

ကျွန်တော်တို့ စစ်တပ်နှင့် ကင်းကွာပြီး မနေနိုင်ချိန်တွေက ကြာမြင့်လှသည်။ ထိုအချိန်တွင် စစ်တပ်မှပင် ဦးဆောင်ပြီး တစ်ပါတီစနစ်ဖြင့် တိုင်းပြည်ကို ပြန်လည် ထူထောင်သည်။ တစ်ပါတီစနစ်လက်အောက်တွင် ဒီမိုကရေစီ ဆိုသည်မှာ စာအုပ်ထဲတွင်သာရှိသည်။ ဆိုရှယ်လစ်အခြေခံစနစ်ကို ကျင့်သုံးသောကြောင့် ဆိုရှယ်လစ်ဒီမိုကရေစီ ဆိုသည်မှာ ပါတီတွင်း၊ လွှတ်တော်အတွင်း တိုက်ပွဲတွေသာ ဖြစ်ပြီး ဒီမိုကရေစီသည် လူထုနှင့် အလှမ်းဝေးသွားသည်။ တစ်ပါတီစနစ်သည် အာဏာရှင် ဆန်လာသောအခါ တိုင်းပြည်အတွင်း ဒီမိုကရေစီ ကင်းမဲ့လာသည်။ အစိုးရအဖွဲ့သည် ပြည်သူ့ဆန္ဒ၊ လူထုဆန္ဒကို ယူသည် ဆိုသော်လည်း ဟန်ပြသာ ဖြစ်သည်။ ဒီမိုကရေစီ မဲ့လွန်းလာလျှင် ပြည်သူနှင့်အစိုးရ ကင်းကွာသွားတတ်သည်။

ထို့ကြောင့်လည်း ၈၈ အရေးအခင်းသည် ထိန်းမနိုင်သိမ်းမရ ပေါ်လာသည်။ တစ်ပါတီစနစ် ပြုတ်ကျသွားသည်။ တစ်ပါတီစနစ်ကို ထူထောင်ခဲ့သူတွေလည်း အနားယူသွားကြသည်။ သို့သော် ထိုနေရာတွင် စစ်တပ်ကပင် တိုင်းပြည်ကို ထိန်းသိမ်းပြီး အစိုးရနှင့် ပြည်သူတို့ကြားတွင် ဒီမိုကရေစီ အားပြိုင်ပွဲတွေ ကျင်းပခဲ့ကြသည်။ နောက်ဆုံး ပြည်သူ့အားကို မလွန်ဆန်နိုင်သောအခါ စစ်တပ်သည် တဖြည်းဖြည်း နောက်ဆုတ်သွားသည်။ ဒီမိုကရေစီကို စစ်တပ်ဖြင့် ဖော်ဆောင်သည်။ ကျွန်တော်တို့သည် တောင်ကိုရီးယားနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်မှုကို အမှတ်ရစရာများ ဖြစ်စေခဲ့သည်။

ကျွန်တော် 'ကောင်တာဒီမိုကရေစီ' ကို ရေးရခြင်းသည် ဒီမိုကရေစီတွင် အပြုသဘောများကို ရေးပြီးဖြစ်သဖြင့် ဒီမိုကရေစီကို ပျက်စီးစေနိုင်သည့် အပျက်သဘောများကိုရေးပြီး ထပ်မံသတိပေးခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်သည် စာရေးသူ *Herbert Agar* ရေးသားသည့် *"The Perils of Democracy"* ဆိုသည့်စာအုပ်လေးကို အကြိမ်ကြိမ် ဖတ်မိပါသည်။ ထိုစာအုပ်တွင် စာရေးသူက ဒီမိုကရေစီ၏ ကြီးမားသော ဘေးအန္တရာယ်များကို ကြိုတင်နိမိတ်ဖတ်ပြီး အပြု



mgyoe.com

mgyoe.com SAMPLE BOOK

သဘောဖြင့် ရေးခဲ့သည်။ ကျွန်တော်သည် ထိုစာအုပ်ကို နှစ်သက်မိသဖြင့် 'ဒီမိုကရေစီ၏ အန္တရာယ်များ' ဟု ဤစာအုပ်ကို ခေါင်းစဉ်ပေးရန် စဉ်းစားမိပါသည်။ သို့သော် ကျွန်တော့်ခေါင်းထဲတွင် အများဆုံး ရောက်လာသည့် အတွေးများသည် စာရေးသူ *Pierre Rosanvallon* ရေးသည့် *"Countere-Democracy"* ဆိုသည့် စာအုပ်ပါ အကြောင်းအရာများ ဖြစ်သည်။ စာရေးသူကလည်း သူ့စာအုပ်တွင် ဒီမိုကရေစီကို ဆန့်ကျင်ခြင်းမဟုတ်၊ ဒီမိုကရေစီကို တန်ပြန် ဆန့်ကျင်လာနိုင်သည့် အကြောင်းတရားများကို သိမြင်ပြီး ဒီမိုကရေစီကို ထိန်းသိမ်းကြရန် စေတနာဖြင့် အပြုသဘောဆောင်ကာ ရေးသားသွားခဲ့သည်။ ကျွန်တော့်အနေဖြင့်လည်း ဒီမိုကရေစီကို မဆန့်ကျင်၊ မတိုက်ခိုက်ပါ။ သို့သော် မြန်မာနိုင်ငံတွင် နုနယ်လှသေးသည့် ဒီမိုကရေစီ ရှက်နုလေးသည် လေပြင်းဒဏ်ကြောင့် စုတ်ပြတ်ပဲ့ထွက်သွားမည်ကို စိုးရိမ်သဖြင့် ဒီမိုကရေစီ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် ရှောင်ရှားနိုင်ရေးအတွက် ဤစာအုပ်ကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်သည် ၂၀၁၀ ခုနှစ်ကတည်းက ကျွန်တော် ရေးသားလာခဲ့သော စာများကို စုစည်းထားခြင်း ဖြစ်ပါသည်။ စာအုပ်တစ်အုပ်အဖြစ် ရည်ရွယ်ခဲ့သော်လည်း အပတ်စဉ်ဆိုသလို *The Venus News* ဂျာနယ်အတွက် ရည်စူးကာ ရေးပေးရင်း စာအုပ်ဖြစ်မြောက်လာခဲ့ရပါသည်။ အပတ်စဉ် ဆောင်းပါးများကို ဂရုတစိုက် ဖော်ပြပေးခဲ့သော *The Venus News* ဂျာနယ် အဖွဲ့သားများကို အထူး ကျေးဇူးတင်ရှိပါသည်။ ဒီမိုကရေစီ စာအုပ်များကို အစဉ်တစိုက် ထုတ်ဝေရန် ကမ်းလှမ်းလာသည့် Wisdom House စာပေတိုက်မှ ဆရာကိုကြည်ရွှန်း၏ စာပေစိတ်နှင့် စေတနာကိုလည်း အထူး အသိအမှတ် ပြုရမည် ဖြစ်ပါသည်။ ဒီမိုကရေစီကို ကာကွယ်ရေးအတွက် ဒီမိုကရေစီကို ဆန့်ကျင်နိုင်သော၊ တိုက်ခိုက်နိုင်သော၊ ပျက်စီးစေနိုင်သော သဘောတရားများကို သိမြင်ပြီး ဒီမိုကရေစီကို ကာကွယ်ကြရန် တိုက်တွန်းလိုက်ပါသည်။

တင်ညွန့်
၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်။



mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အနာဂတ် ပါလီမန် ဒီမိုကရေစီ




ပြည်သူ့ကိုယ်စားလှယ်-
ဆိုသည်မှာ ပါလီမန်အတွင်း
ဝင်လိုက်လျှင် ပြည်သူ့ထံမှ
အာဏာတွေပါလာသည်၊
ပြည်သူ့ထံမှ အာဏာတွေရနိုင်သည်၊
ပြည်သူနှင့် မည်သို့ဆက်သွယ်နိုင်သည်
ဆိုသည့်အချက်ကလည်း
အရေးကြီးပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အနာဂတ် ပါလီမန် ဒီမိုကရေစီ

သမိုင်းကြောင်းအရ ပါလီမန် ဆိုသည်မှာ ဒီမိုကရေစီ၏ သင်္ကေတ၊ ဒီမိုကရေစီကို ကိုယ်စားပြုသည့် နေရာ ဖြစ်သည်။ ပါလီမန်သည် တရားဝင် ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များတွင် အခြေခံရသည်။ ပြည်သူများအတွက် ဥပဒေများ ရေးဆွဲခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေများကို လိုက်နာကျင့်သုံးပြီး တိုင်းပြည်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရသည့် နေရာတစ်နေရာဟု အကြမ်းဖျင်း မှတ်ယူနိုင်ပါသည်။

ခေတ်သစ်လူ့ဘောင် အဖွဲ့အစည်းသည် တိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုများစွာကို ခံယူကျင့်သုံးလာကြသည်။ အစဉ်အလာ ပါလီမန် အာဏာစက်မှ ခွဲထွက်ပြီး လက်ရှိလူ့ဘောင်အဖွဲ့အစည်းနှင့် ကိုက်ညီသည့် တောင်းဆိုမှုများကို ပြုလုပ်လာသည်။ ဒီမိုကရေစီကို ကိုင်စွဲထားသောကြောင့် ပြည်သူ့တောင်းဆိုမှုများကို လိုက်လျောရမည်သာ ဖြစ်သည်။

## ခေတ်သစ်ပါလီမန်၏ လုပ်ငန်းများ

- မူဝါဒများ ချမှတ်ခြင်း၊
- အများက စုပေါင်း ဆုံးဖြတ်ထားသည့် သဘောတူညီချက်များကို တရားဝင်စေရန် ပြုလုပ်ပေးရခြင်း၊
- အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းအသီးသီးကို တာဝန်ခံရခြင်း၊



mgyoe.com

mgyoe.com
SAMPLE BOOK

- ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအင်၊ ပြည်သူ့သဘောထားများကို ဆွေးနွေး တိုင်ပင်ရခြင်း၊ တုံ့ပြန်မှု ပေးရခြင်း၊
- ပါလီမန်ကိုယ်တိုင် ဒီမိုကရေစီကို လေးစားပြီး လိုက်နာကျင့်သုံးရုံမျှမက အစိုးရအဖွဲ့ကိုလည်း ဒီမိုကရေစီ သဘောတရားများဖြင့် အုပ်ချုပ်စေ ရခြင်း

တို့သည် ခေတ်သစ်ပါလီမန်၏ လုပ်ငန်းတာဝန်များ ဖြစ်သည်။

## ပြုပြင်ပြောင်းလဲလာရသည့် အကြောင်းတရားများ

### ၁။ နိုင်ငံရေးသည် သိပ္ပံနည်းကျ တိကျသည့်အသွင် ဆောင်လာခြင်း

နိုင်ငံရေးတွင် ပညာမတတ်၊ အငတ်ငတ် အပြတ်ပြတ်ဖြင့် လုပ်ဆောင်ရသည် ဆိုသော အသွင်တွေ ပျောက်လာပြီး နိုင်ငံရေးလောကအတွင်းသို့ ပညာတတ် များ၊ ကျွမ်းကျင်ပညာရှင်များ ဝင်ရောက်လာကြသည်။ နိုင်ငံရေးတွင် မူဝါဒ ချမှတ်မည့်သူများကို ပညာတတ်များ၊ နည်းပညာ ကျွမ်းကျင်သူများ၊ သိပ္ပံပညာ ရှင်များက ဝန်းရံလာကြသည်။ ပညာရှင်နှင့် အာဏာပိုင် အဖွဲ့အစည်းများ ပူးပေါင်းလာခြင်း၏ ရလဒ်မှာ မည်သည့်အရေးကိစ္စတွင်မဆို အမှားနည်းလာ ခြင်း၊ ထိရောက်မှုရှိစေရန် စောင့်ကြည့်လာနိုင်ခြင်းတို့ ဖြစ်လာသည်။ အကြောင်း ကိစ္စ အတော်များများကို ပါလီမန် ပြင်ပတွင် လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက် လာနိုင်ခြင်းကလည်း များစွာအထောက်အကူ ဖြစ်စေသည်။ ပညာရှင်များနှင့် အာဏာပိုင် အဖွဲ့အစည်းတို့၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် ပါလီမန်ကိုပင် စိန်ခေါ်သည့်အသွင် ဆောင်လာသည်။

### ၂။ အဖွဲ့အစည်းများ အင်အားကောင်းလာခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရသူများ၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးလာခြင်း

အုပ်ချုပ်ရေးတွင် ပါလီမန်နှင့် အစိုးရထက် အုပ်စုများ၊ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များက ပိုပြီး လွှမ်းမိုးလာသည်။ သီးခြား ပညာရှင်များ၏ စာတမ်း များ၊ အကြံပြုချက်များသည် ပြည်သူများအပေါ် လွှမ်းမိုးသက်ရောက်မှု များလာ သည်။ အစိုးရလုပ်ရပ်များကို ပါလီမန်တွင် ဝေဖန် အကြံပြုမှုများ အားနည်း လာသည့်အခါတွင် ပြင်ပအဖွဲ့အစည်းများ၏ ဝေဖန် သုံးသပ်ချက်များက ပြည်သူများအတွက် ပိုပြီး အလေးထားစရာ ဖြစ်လာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

**၃။ နိုင်ငံတကာ အနေအထားများ ပြောင်းလဲလာခြင်း**

ဂလိုဘယ်လိုက်ဇေးရှင်း သဘောတရားကြောင့် ကမ္ဘာ့နိုင်ငံရေး အယူအဆများ၊ သဘောတရားများ ပြောင်းလဲလာရသည်။ ဗဟိုအုပ်ချုပ်ရေးထက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးစနစ်များကို စိတ်ဝင်စားလာကြသည်။ အာဏာထိန်းချုပ်နိုင်စွမ်းအားများ လျော့နည်းလာပြီး နိုင်ငံတကာစံကို တွန်းအားပေးလာသဖြင့် အစဉ်အလာ ဒီမိုကရေစီ သဘောတရားများ တိမ်းပါးလာသည်။

**ထိရောက်သော ပါလီမန်ဖြစ်ရေး**

ပါလီမန်တစ်ရပ်သည် ပြည်သူအတွက် အကျိုးပြုခြင်းရှိ မရှိ၊ သက်ရောက်မှုရှိမရှိမှာ ဒီမိုကရေစီ တန်ဖိုးများဖြင့်သာ တိုင်းတာရမည် ဖြစ်ပါသည်။ ဒီမိုကရေစီနည်းကျ ဥပဒေပြုခြင်း၊ တာဝန်ခံ အုပ်ချုပ်ခြင်း၊ ဘဏ္ဍာရေးကိစ္စများကို ထိန်းချုပ်စီမံခန့်ခွဲနိုင်ခြင်း စသည်တို့ဖြင့်သာ ပါလီမန်စနစ်ကို တိုင်းတာ အကဲဖြတ်ရမည်ဖြစ်သည်။

ရွေးကောက် တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ ပါလီမန်အတွင်း ဝင်လိုက်လျှင် ပြည်သူ့ထံမှ ဘာတွေပါလာသည်၊ ပြည်သူ့ထံမှ ဘာတွေရနိုင်သည်၊ ပြည်သူနှင့် မည်သို့ဆက်သွယ်နိုင်သည် ဆိုသည့်အချက်ကလည်း အရေးကြီးပါသည်။ ပြည်သူအတွက် ဆောင်ရွက်ပေးနိုင်ရန် ဘာတစ်ခုမျှ ပါမလာဘဲနှင့် ပါလီမန်သို့ တက်လာခြင်းမှာ အချိန်ဖြုန်းခြင်းသာ ဖြစ်ပါလိမ့်မည်။ သို့ဖြစ်ရာ ပြည်သူ့ကိုယ်စားလှယ်ကြီးများက ပြည်သူ့အကျိုးဆောင်ရွက်ရန် တစ်ခုခု ယူဆောင်လာခြင်း၊ မယူဆောင်လာနိုင်ပါကလည်း အခြားသူများ ယူဆောင်လာသည့် ပြည်သူ့အရေးကိစ္စများပေါ်တွင် ဝင်ရောက်ဆွေးနွေးခြင်းတို့သည် ပါလီမန်လုပ်ငန်းစဉ်တွင် အရေးကြီးပါသည်။

ပါလီမန်တွင် ပြည်သူ့ကိုယ်စားလှယ်ကြီးများ ပြည်သူ့အကျိုးဆောင်ရာတွင် သက်ရောက်မှုရှိရန် ဆိုသည်မှာ အောက်ပါအချက်များနှင့်လည်း သက်ဆိုင်ပါသည် -

- ပါလီမန်သို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်တော်ကြီးများသည် မိမိတို့ တင်ပြမည့် အကြောင်းအရာများနှင့်ပတ်သက်ပြီး အထူးလေ့လာသိရှိသွားရန် လိုပါသည်။ ဥပမာ- အိုင်တီအကြောင်းကို တင်ပြမည့်သူသည် ကွန်ပျူတာကို ကိုင်တောင်မကြည့်ဖူးသူမျိုး မဖြစ်သင့်ပါ။


mgyoe.com

mgyoe.com
SAMPLE BOOK

- ပညာကိုအခြေခံသည့် အခြေခံပညာများ ရှိထားရန်လိုပါသည်။ ဘုမသိ ဘမသိသူများသည် လက်ညှိုးထောင် ခေါင်းညိတ်တတ်သူများသာ ဖြစ်တတ်သည်။ ထိုသူမျိုးဖြစ်ရန်အတွက် ပြည်သူတွေက စက်ရုပ်တစ်ရုပ်လောက် ပါလီမန်တွင် ထားပေးလျှင် လုံလောက်ပြီဟု ဆိုကြသည်။
- ပါလီမန်တွင် တက်ရောက်နေသူများသည် ပြည်သူ့အကျိုးဆောင်နေသူများ ဟူ၍ မိမိကိုယ်တိုင်လည်း ခံယူရန်လိုပါသည်။ ထို့ကြောင့် ပြည်သူ့အရေး၊ ပါလီမန်အရေး အပြည့်အဝ အထောက်အပံ့ ပေးနိုင်သူ ဖြစ်ရမည်။
- ပါလီမန်သည် ပြည်သူ့ထံမှ ရင်းမြစ်များကို အချိန်မရွေး ရရှိနိုင်ရန် ဖန်တီးပေးထားရမည့်အပြင် ကိုယ်စားလှယ်တော်ကြီးများအတွက် လိုအပ်သည့် ရင်းမြစ်များကို ကိုးကားရရှိနိုင်စေရန် ဖန်တီးပေးထားရမည်။
- ခေတ်သစ်တွင် *Resources* များကို အရရှိနိုင်ဆုံးသည် ခေတ်မီနည်းစနစ်များကို အသုံးပြုနိုင်ခြင်း၊ အိုင်စီတီကို အသုံးချနိုင်ခြင်း၊ အိုင်စီတီဖြင့် ဖြည့်ဆည်းပေးခြင်းတို့ကသာ အဖြေဖြစ်နိုင်ပါသည်။ ပါလီမန်တွင် ခေတ်မီအိုင်စီတီကို အပြည့်အဝရရှိနိုင်ပြီလား၊ ပါလီမန်သို့ လာရောက်နေကြသော ကိုယ်စားလှယ်တော်ကြီးများ အပြည့်အဝ အကျိုးရှိအောင် အသုံးချနိုင်ကြပြီလား ပြန်သုံးသပ်ကြည့်ရမည် ဖြစ်သည်။
- အွန်လိုင်းပေါ် တက်ပြီး ပြည်သူတွေနှင့် တိုက်ရိုက် ဆွေးနွေးရခြင်း၏ အကျိုးသက်ရောက်မှုကို ကိုယ်စားလှယ်တော်ကြီးများ ခံစားကြည့်လျှင် ဒီမိုကရေစီအသွင်ကို ပိုပြီးဖော်ဆောင်နိုင်မည်ထင်ပါသည်။ ပြည်သူက တင်ပြလိုသည့်အချက်ကို မိမိကိုယ်စားလှယ်တော်ကြီးထံ အွန်လိုင်းမှ တစ်ဆင့် တိုက်ရိုက်ပြောမည်။ သိချင်သည့် အကြောင်းအရာကို အပြန်အလှန် မေးမြန်းဆွေးနွေးနိုင်ခွင့်ရလျှင် ပီပြင်သည့် ပါလီမန်ဒီမိုကရေစီအသွင် ဖြစ်လာနိုင်ပါသည်။

အနာဂတ် ပါလီမန်သည် အစဉ်အလာလမ်းကြောင်းမှ ခွဲထွက်လာပါလိမ့်မည်။ ရှေးဟောင်း ပါလီမန်သည် အစဉ်အလာလမ်းကြောင်းကို လိုက်ရင်းလမ်းစပျောက်သွားသည်။ ရှေးရိုးစွဲများကြောင့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားပြီဟု ဝေဖန်ကြသည်။ မကြာသေးမီက ဟန်ဂေရီ ပါလီမန်မြင်ကွင်းကို မီဒီယာတစ်ခုတွင် တွေ့လိုက်ရသည်။ ပါလီမန်သို့ တက်လာသည့် အမတ်

mgyoe.com

mgyoe.com
SAMPLE BOOK


များ၊ ပြည်သူ့ကိုယ်စားလှယ်များသည် တီရှပ်၊ ဂျင်းဘောင်းဘီတွေလည်း ဝတ်လာသည်။ အနောက်တိုင်းဝတ်စုံ အပြည့်ဝတ်လာသူတွေလည်း ပါသည်။ သို့သော် အားလုံး လွတ်လပ် ပေါ့ပါးနေကြသည်။ သူတို့တွင် လက်ပ်တော့ ကွန်ပျူတာတွေ ပါလာသည်။ အကြောင်းအရာတွေကို ပါလီမန် မစမီကတည်းက အင်တာနက်ပေါ်တွင် ရှာဖွေကြ၊ ပြင်ဆင်ကြလုပ်နေသည်။ ပါလီမန် စတင်ချိန်တွင် ဆွေးနွေးသူတွေက ထပြီး စိတ်ဝင်တစား ပြောကြသည်။ ပြန်လည်မေးခွန်းတွေ မေးကြသည်။ ပုံစံက မည်သို့ကြည့်သည်ဆိုစေ ခမ်းနားထည်ဝါသည့် အသွင်မဆောင်။ သို့သော် သူတို့လည်း ပြည်သူ့အရေးကို သူတို့နည်းသူတို့ဟန်ဖြင့် ဖြေရှင်းနေကြပါလား ဆိုသည့်အတွေးက အနာဂတ် ပါလီမန် အရွေ့အပြောင်းကိုတော့ တစေ့တစောင်း မြင်လိုက်မိသလိုလို ရှိပါသည်။

*Ref : Parliament and Democracy in the Twenty-first Century, by David Beetham*

mgyoe.com

mgyoe.com SAMPLE BOOK

# တံခါးဖွင့် ပါလီမန်




mgyoe.com

mgyoe.com SAMPLE BOOK

# တံခါးဖွင့် ပါလီမန်

'ပါလီမန် ဆိုသည်မှာ တံခါးဖွင့်ထားရမည်' ဟု ဒီမိုကရေစီ နိုင်ငံများတွင် ပြောလေ့ရှိကြသည်။ ဆိုလိုသည်မှာ ပြည်သူအတွက် လွတ်လပ်စွာ လမ်းဖွင့်ပေးထားရမည်ဟု ဆိုလိုကြောင်း နားလည်မိပါသည်။ ပါလီမန်သည် ပြည်သူ့အတွက် ပါလီမန်ဖြစ်ပြီး လူတစ်စု ပါလီမန် မဟုတ်၊ လူထုပါလီမန်အသွင် ဖော်ဆောင်ရန် ရည်ညွှန်းခြင်းဖြစ်မည် ထင်ပါသည်။

လက်တွေ့ဘဝတွင်မူ မည်သူမျှ ပါလီမန်သို့ ဝင်ထွက်ရန် ဖြစ်နိုင်ဦးမည် မထင်ပေ။ တံခါးဖွင့်သည် ဆိုခြင်းမှာလည်း ဝင်ချင်ဝင်၊ ထွက်ချင်ထွက် ပြတိုက်သဘောကို ပြောခြင်းမဟုတ်။ သတင်းမီဒီယာကို ပြည်သူ၏ နားမျက်စိသဖွယ် သဘောထားကာ ဖွင့်ပေးထားခြင်းမျိုးလောက်တော့ ပြုလုပ်သင့်ပါသည်။ ပါလီမန်အတွင်း ဘာတွေ ပြောဆိုဆွေးနွေးကြသည်၊ ဘာတွေ လုပ်ကြမည်၊ ဘာတွေ ပြဋ္ဌာန်းလိုက်ပြီ၊ ဘယ်သူတွေက ပြောင်မြောက်ထက်သန်စွာ တင်ပြဆွေးနွေးသွားသည် စသည်ဖြင့် အသက်ဝင် လှုပ်ရှားသော ပါလီမန် တစ်ရပ်ကို ဖော်ဆောင်ရန်မှာ အနည်းဆုံး မီဒီယာကို တံခါးဖွင့်ထားပေးမှ ဖြစ်ပါလိမ့်မည်။ မီဒီယာသမားတွေကလည်း ဖွင့်ထားသောတံခါးကို နှပ်မသုတ်ဖို့တော့ လိုသည်။ သတင်းသမားကို သတင်းယူခွင့်၊ သတင်းဖော်ပြခွင့် ကောင်းစွာပေးခြင်းသည် ဒီမိုကရေစီနည်းကျ ပြည်သူ့ရပိုင်ခွင့်ဖြစ်ပြီး မီဒီယာ ကိုယ်ကျင့်တရားကို စောင့်ထိန်းရန်မှာ မီဒီယာနှင့် သက်ဆိုင်ပါလိမ့်မည်။

ပြည်သူသို့ လွတ်လပ်စွာ သတင်းရယူခွင့်ပေးခြင်းသည် လွှတ်တော်တွင်လည်း တာဝန်ရှိပါသည်။ ပြည်သူကို လွတ်လပ်စွာ ဖော်ထုတ်ပြခြင်းသည်



mgyoe.com

mgyoe.com
SAMPLE BOOK

ယုံကြည်မှုကို ရစေရုံမက အစိုးရအပေါ် စိတ်ဝင်စားမှုလည်း ဖြစ်စေနိုင်ပါသည်။ လွှတ်တော်ထဲက မိမိတို့ ကိုယ်စားလှယ်ကို အင်တာနက်မှ ချက်ချင်း သတင်းပေးကာ လွှတ်တော်တွင် အရေးပေါ် တင်ပြဆွေးနွေးရသည့် အမှုကိစ္စ ဖြစ်လျှင် မည်မျှ လွှတ်လပ်ပွင့်လင်းမှုရှိမည်နည်း။ တို့အရေးကို အရေးတယူ လုပ်ကြောင်း သိသဖြင့် ပြည်သူတို့လည်း ဝမ်းသာသွားကြမည်။ အမြန်ဆုံး လုပ်သင့်လုပ်ထိုက်သော ကိစ္စများကို ချက်ချင်း ကိုင်တွယ်လိုက်ကြသဖြင့် ပြည်သူ့တာဝန် ကျေပွန်ပါပေသည်ဟုလည်း ချီးကျူးဂုဏ်ပြုခံရမည်သာ ဖြစ်ပါသည်။ လွှတ်တော်ဆိုသည်မှာ ဟိတ်ဟန်ကြီးသော တိုင်းပြည်ဂုဏ်ဆောင်သည့် နေရာ၊ အလေးအမြတ်ထားစရာ နေရာဖြစ်သော်လည်း လွှတ်လပ်စွာ တံခါးဖွင့်ထားသောနေရာ တစ်နေရာဟူ၍ ပြည်သူတို့ ရင်ထဲတွင် စွဲမြဲနေရန် လိုပါသည်။

ပြည်သူကို ပြန်ကြားပေးမည်၊ သတင်းမီဒီယာကို ထုတ်ပြန်ပေးမည် ဆိုခြင်းမှာ အတားအဆီးများကို ဖယ်ပေးလိုက်ခြင်းဖြစ်သည်။ ပြည်သူ စိတ်ဝင်စားသည်ကို ဖော်ပြထုတ်ပြခြင်းသည် ပြည်သူကို လေးစားဂုဏ်ပြုခြင်းဖြစ်ပါသည်။

ပါလီမန်အကြောင်းကို ပြည်သူများသိအောင် ပညာပေးရာတွင် လွှတ်တော်အတွင်း ပြန်ကြားရေးအရာရှိများ၊ ပြန်ကြားရေးဌာနများ ထားကာ သီးခြားသတင်းထုတ်ပြန်မှုများကို ပြုလုပ်ကြသည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်၊ သတင်းစာစောင်၊ သတင်းထုတ်ပြန်ရေးဌာနများဖြင့် ပညာပေးခြင်း ပြုကြသည်။ ပြည်သူက ကြိုက်ရာ မီဒီယာကိုသုံးပြီး လေ့လာနိုင်ခွင့် ရှိသလို တုံ့ပြန်အကြံပြုခွင့် ပေးထားခြင်းဖြင့် ပြည်သူ့အသံကို အမှန်အကန် ရရှိစေနိုင်မည်ဖြစ်သည်။

ဟန်ဂေရီ အမျိုးသားလွှတ်တော်ကို ဥပမာ ပြလိုပါသည်။

"ပါလီမန်မှ လုပ်ဆောင်မှုများကို လိုင်းပေါင်းစုံဖြင့် ပြည်သူများထံ ရောက်ရှိစေသည်။ တီဗီ၊ သတင်းစာ၊ ဂျာနယ်များနှင့် ရေဒီယိုသည် အခြေခံ ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည်။ လွှတ်တော် မျက်နှာစုံညီ အစည်းအဝေးများကို တိုက်ရိုက်စနစ်ဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသည်။ ထိုနေ့များတွင် အင်တာနက်၌လည်း အွန်လိုင်းအနေဖြင့် တင်ပေးထားသဖြင့် နိုင်ငံတကာမှလည်း လေ့လာ ကြည့်ရှုနိုင်သည်။ ပါလီမန် စာကြည့်တိုက်နှင့် အတွင်းရေးမှူးချုပ် ရုံးခန်းကလည်း သတင်းများကို မပြတ်ထုတ်ပြန်ပေးနေသည့်အပြင် အထူး ဆက်သွယ်နိုင်သည့် တယ်လီဖုန်းလိုင်းများ သို့မဟုတ် အီးမေးလ်ဖြင့် ဆက်သွယ်ရန်


mgyoe.com

mgyoe.com SAMPLE BOOK

လိပ်စာများကို ထုတ်ပြန်ပေးထားသည်။ လွှတ်တော်ကိုယ်စားလှယ်ထံ တိုက်ရိုက်ပေးစာနှင့် ပါလီမန်သို့ တိုက်ရိုက် ဆက်သွယ် ပေးစာတို့မှာ ပုံမှန်ပြုလုပ်လေ့ရှိသည့် အစဉ်အလာကဲ့သို့ ဖြစ်နေစေသည်။ *NGO* အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ရေးရာရုံးခန်းနှင့် တိုက်ရိုက် ဆက်သွယ်မေးမြန်းနိုင်ခွင့်ရှိသည်။ ပါလီမန်တွင် လုပ်ဆောင်မှုမှန်သမျှကို ထင်သာမြင်သာ ရှိစေရန် အမြဲထုတ်ပြန်ပေးနေရမည် ဆိုသည်မှာ ဟန်ဂေရီနိုင်ငံ၏ ဒီမိုကရေစီဖြစ်သည်"

ဟူ၍ ဖော်ပြထားချက်ကို ဖတ်ရှုရပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် အစိုးရပိုင် *KTV* ရုပ်သံလိုင်းတစ်ခု ရှိပါသည်။ ထိုလိုင်းမှ လွှတ်တော် စုံညီ အစည်းအဝေးတိုင်းကို လွှင့်ထုတ်ပေးပါသည်။ ၂၀၀၅ ခုနှစ် မေလမှစတင်ပြီး အမျိုးသားလွှတ်တော် ညီလာခံ ကျင်းပမှုများကို အစအဆုံး မှတ်တမ်းရိုက်ကူးကာ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်း သိရှိရပါသည်။ သတင်းထုတ်ပြန်ပေးမှုကို လူနည်းစုသာ ကြည့်သည်ဆိုစေ အစိုးရ၏ ပွင့်လင်းမှုဂုဏ်ကို ရရှိနိုင်ခဲ့သည်ကတော့ တန်ဖိုးမဖြတ်နိုင်လောက်အောင် ဖြစ်ခဲ့သည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော်တွင်လည်း -

"ပါလီမန်အတွင်း အပြန်အလှန် ဆွေးနွေးငြင်းခုံမှုများကို *Parliamentary Network* မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပေးသည်။ ထုတ်လွှင့်မှုအတွက် ရုပ်သံလွှင့်ဌာန နှစ်ခုက တာဝန်ယူထားသည်။ နှစ်ခုစလုံး ပါလီမန်ပိုင် ရုပ်သံဌာနများဖြစ်သည်။ ထိုပါလီမန်ရုပ်သံဌာနမှ လွှတ်တော်အမတ်များနှင့် အင်တာဗျူးများ၊ အလွတ်သဘောဆိုင်ရာ ဆွေးနွေးချက်များ၊ အပြန်အလှန် စကားစစ်ထိုးမှုများ၊ အခြား ပညာပေးရေးဆိုင်ရာ ပရိုဂရမ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။ ဂြိုဟ်တုမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပေးနေသဖြင့် *ADSL* လိုင်း အဆက်အသွယ်မှ ပြည်သူများ လေ့လာ ကြည့်ရှုနိုင်သည်"

ဟု ဖော်ပြထားပါသည်။

မက္ကဆီကို ဆီနိတ်လွှတ်တော်တွင်လည်း ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်နေ့မှစတင်ပြီး ပြည်သူများသို့ သတင်းထုတ်ပြန်ပေးရန် မက္ကဆီကို သမ္မတနိုင်ငံ ကွန်ဂရက် ရုပ်သံလိုင်း *(Congress Television Channel of*


mgyoe.com

mgyoe.com
SAMPLE BOOK

*the Mexican Republic)* ကို ထူထောင်ခဲ့သည်။ ထိုရုပ်သံလိုင်းကို ထူထောင်ရခြင်းမှာ -

- ◆ လွှတ်တော်အစည်းအဝေးများ၊
- ◆ ဥပဒေပြု ကော်မရှင်၏ တွေ့ဆုံ ဆွေးနွေးမှုများ၊
- ◆ ဥပဒေပြုရေးတွင် ပြည်သူများ ပါဝင်မှုကို ထင်သာမြင်သာ ရှိစေရန် ပြည်သူ့သဘောထားကဏ္ဍ၊
- ◆ အစိုးရအဖွဲ့ဝင်များနှင့် အမြဲမပြတ် တွေ့ဆုံဆွေးနွေးမှုများ၊
- ◆ သတင်းအချက်အလက်၊ မှတ်တမ်း၊ အချက်အလက်များ၊
- ◆ ညသတင်း၊
- ◆ ယဉ်ကျေးမှု၊ ပညာရေး၊ အခြားအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို ထုတ်လွှင့်ရန်ဖြစ်ကြောင်း သိရသည်။

ကွန်ဂရက်လိုင်း *(Congress Channel)* မှ ထုတ်လွှင့်ချက်များကို ရုပ်သံလိုင်း *(cable system)* မှတစ်ဆင့် ရုပ်သံကြည့်ရှုသူပေါင်း ၁၀ သန်းထံသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် *Channel 144* နှင့် *Channel 220* တို့မှလည်း နောက်ထပ် ကြည့်ရှုသူ ၁၀ သန်းထံသို့ ထုတ်လွှင့်ပေးနိုင်ပြီဖြစ်သည်။ ပြည်သူများသည် မိမိတို့ တင်မြှောက် ရွေးချယ်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်တွင် ပြည်သူအတွက် ဘာတွေ လုပ်ဆောင်ပေးနေသည်၊ မည်မျှအထိ စွမ်းဆောင်ကြိုးပမ်းပေးနေသည်ကို တိုက်ရိုက် လေ့လာနိုင်ခြင်းသည် ပြည်သူ့ဒီမိုကရေစီကို အကောင်းဆုံး ဖော်ဆောင် ပေးနိုင်ခြင်းဟု ခံယူထားသည်။

အာဖရိကတိုက်ရှိ ဘော့စ်ဝါနာတိုင်းပြည်လေးတွင်ပင် ပါလီမန်အတွင်း ဆောင်ရွက်ချက်များကို -

- ◆ ပါလီမန် ကျင်းပနေစဉ်ကာလအတွင်း တိုက်ရိုက်အသံလွှင့် ထုတ်ပြန်ပေးခြင်း၊
- ◆ ပါလီမန်တွင် အစီအစဉ်အသစ်များ ပြုလုပ်တော့မည်ဆိုလျှင်လည်း အကျဉ်းချုပ်ကို ထုတ်ပြန်ပေးခြင်း၊
- ◆ ဝန်ကြီးများနှင့် တိုက်ရိုက် အင်တာဗျူးများကို ထုတ်လွှင့်ပေးခြင်း၊ ပြည်သူများမှ တိုက်ရိုက်မေးခွန်းများကို အွန်လိုင်းမှတစ်ဆင့် မေးမြန်းနိုင်ရန် စီစဉ်ပေးထားခြင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK

- ပါလီမန်အတွင်း အပြန်အလှန် ငြင်းခုံဆွေးနွေးမှုများကို တိုင်းရင်းဘာသာစကားများဖြင့် တိုက်ရိုက်ဘာသာပြန် ဖော်ပြပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရပါသည်။


တံခါးဖွင့်ထားခြင်းသည် ပွင့်လင်းမှုရှိခြင်း၊ လွတ်လပ်ခြင်း၊ ဒီမိုကရေစီကျခြင်း ဆိုသည့်သဘောဆောင်ပြီး တံခါးပိတ်ထားခြင်းသည် လျှို့ဝှက်ခြင်း၊ ဖုံးကွယ်ခြင်း၊ တားဆီးခြင်းအသွင်ဆောင်ပါသည်။ လူဆိုသည်က ပိတ်ထားလေဖောက်ထွက်ချင်လေ၊ လျှို့ဝှက်ထားလေ သိချင်လေ သဘောဆောင်ပါသည်။ သိချင်သည့်အသိကို ပိတ်ထားလိုက်လျှင် မသိသင့် မသိထိုက်သော ကောလာဟလများက အစားထိုး ဝင်ရောက်လာတတ်ပါသည်။ လွှတ်တော်နှင့် ပြည်သူဆိုသည်မှာ အပြန်အလှန် ထိန်းကျောင်းသည့်အသွင် ဆောင်သင့်ပါသည်။ ပြည်သူ ဖြစ်စေချင်သည်ကို လွှတ်တော်က ဖော်ဆောင်ရန် ဖြစ်သင့်ပြီး လွှတ်တော်က ဖြစ်ချင်သည်ကို ပြည်သူက အကောင်အထည် ဖော်ပေးရန် ဟုတ်မဟုတ် စဉ်းစားသင့်ပါသည်။

*Ref : Parliament and Democracy in the Twenty-first Century, by David Beetham*


mgyoe.com

mgyoe.com SAMPLE BOOK

# ဒီမိုကရေစီ အစိုးရများနှင့် လွှတ်တော်၏ အခန်းကဏ္ဍ




ဥပဒေကြမ်းတစ်ခုကို—
ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်က
အတည်ပြုလိုက်လျှင်
ထိုဥပဒေကြမ်းသည်
ဥပဒေဖြစ်လာသည်
ဆိုသော်လည်း
သမ္မတက လက်မှတ်ထိုးမှသာလျှင်
ဥပဒေ ဖြစ်လာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဒီမိုကရေစီ အစိုးရများနှင့် လွှတ်တော်၏ အခန်းကဏ္ဍ

## ဗြိတိန်နိုင်ငံ

ဗြိတိန်တွင် အစိုးရဝန်ကြီးများနှင့် အတိုက်အခံပါတီများမှ ပြောရေးဆိုခွင့်ရှိသူများသည် *House of Commons* ဟုခေါ်သည့် ပါလီမန် အောက်လွှတ်တော်တွင် အတူတကွ အလုပ်လုပ်ကြသည်။ ဗြိတိန်တွင် သူကောင်းမျိုးနွယ်ဝင်များကလည်း အတိုက်အခံပါတီများနည်းတူ ပါလီမန် အထက်လွှတ်တော် *(House of Lords)* တွင် တက်ရောက်ခွင့်ရှိကြသည်။

## ဝန်ကြီးချုပ်

ဝန်ကြီးချုပ်သည် ဝန်ကြီးတစ်ဦးလည်းဖြစ်ပြီး အစိုးရအဖွဲ့ ခေါင်းဆောင်လည်းဖြစ်သည်။ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီ၏ခေါင်းဆောင်သည် အလိုအလျောက် ဝန်ကြီးချုပ်ဖြစ်သွားသည်။ သို့သော် တစ်ခါတစ်ရံတွင် ညွန့်ပေါင်းအစိုးရအနေဖြင့်လည်း ဖွဲ့စည်းရသည်များ ရှိနိုင်သည်။ လက်ရှိ ဗြိတိန်၏ ဝန်ကြီးချုပ်မှာ ဒေးဗစ် ကင်မရွန်း ဖြစ်ပြီး ကွန်ဆာဗေးတစ်ပါတီ၏ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။

ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်များကို ရွေးချယ်ခွင့်ရှိသည်။ ဝန်ကြီးချုပ်အနေဖြင့် နောက်တစ်ကြိမ် အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည့် ရက်ကို သတ်မှတ်ပေးရသည်။ ဝန်ကြီးချုပ်သည် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပါလီမန် အောက်လွှတ်တော်တွင် နေ့လယ် ၁၂ နာရီခွဲအချိန်၌ မေးခွန်းများကို ဖြေကြား



mgyoe.com

mgyoe.com
SAMPLE BOOK

ပေးရသည်။ မေးခွန်းများမှာ ဝန်ကြီးများကမေးသည့် မေးခွန်းများဖြစ်နိုင်သလို အခြားအကြောင်းကိစ္စများလည်း ဖြစ်နိုင်သည်။

## အတိုက်အခံခေါင်းဆောင်

အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးတွင် အတိုက်အခံခေါင်းဆောင် တစ်ဦးစီ ရှိကြသည်။ အကြီးမားဆုံး အတိုက်အခံ ပါတီမှ ခေါင်းဆောင်များသည် လွှတ်တော်အတိုက်အခံခေါင်းဆောင်များ ဖြစ်လာကြသည်။ လက်ရှိ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင်များသည် လေဘာပါတီမှ ဖြစ်သည်။

လေဘာပါတီခေါင်းဆောင် အက်ဒ် မိလီဘန်းသည် လက်ရှိ အောက်လွှတ်တော်၏ အတိုက်အခံခေါင်းဆောင်ဖြစ်သည်။ ပါလီမန် လစာအပြင် ဝန်ကြီးတစ်ဦး လစာကိုပါ ခံစားခွင့်ရှိသည့် ရာထူးဖြစ်သည်။ အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင်ကို အစိုးရဌာနများ၏ ဌာနတစ်ခုအသွင် ဖော်ဆောင်ထားသော *Shadow Cabinet* မှ ရွေးချယ်ခန့်အပ်ရသည်။ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင်မှာ ဘလိုင်းစ်ဒွန်းမှ ဘယ်ရွန်ဘွဲ့ရထားသူ အမျိုးသမီး ဖြစ်သည်။

## ကက်ဘိနက်

ဗြိတိန်အစိုးရ ဝန်ကြီးအဖွဲ့တွင် ဝန်ကြီးချုပ်က ရွေးချယ် ခန့်အပ်ထားသည့် ဝန်ကြီး ၂၂ ဦး ပါဝင်သည်။ သူတို့သည် ပါလီမန်လွှတ်တော် အဖွဲ့ဝင်များလည်း ဖြစ်ကြသည်။ ကက်ဘိနက်သည် အစိုးရ ပေါ်လစီများနှင့် အစိုးရဌာနအသီးသီး၏ ခေါင်းဆောင်များကို ဖော်ဆောင်ရသည်။

## ရှဲဒိုးကက်ဘိနက်

*Shadow Cabinet* ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ကက်ဘိနက် နောက်ကွယ်တွင် အရိပ်တစ်ခုအနေဖြင့် ရှိနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အောက်လွှတ်တော်ရှိ အတိုက်အခံပါတီမှ ဝန်ကြီးများနှင့် ပါဝင်ဖွဲ့စည်းထားသည်။ လက်ရှိ လေဘာပါတီမှ အရိပ်အဖြစ် တာဝန်ယူထားသည်။ ရှဲဒိုး၏တာဝန်မှာ အစိုးရဌာနများနှင့် မူဝါဒဆိုင်ရာ သဘောတရားများ ချမှတ်ထားသည့်အတိုင်း ပေါက်မြောက် အောင်မြင်မှု ရှိမရှိကို စုံစမ်း စစ်ဆေးသည့်တာဝန် ယူထားရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုတွင် ကွန်ဂရက်လွှတ်တော် ဟူ၍ ထားရှိသည်။ အမေရိကန် ကွန်ဂရက်နှင့် ဗြိတိန်တို့၏ ပါလီမန် မတူညီသည့်အချက်မှာ ကွန်ဂရက်လွှတ်တော်တွင် ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များ ပါဝင်ပြီး ထိုလွှတ်တော်အမတ်များသည် ဥပဒေပြုခွင့်အာဏာ ရှိကြသည်။ သို့သော် အုပ်ချုပ်ရေးအတွက် အကြီးအကဲအနေဖြင့် သမ္မတကိုမူ ရွေးချယ်ပိုင်ခွင့် မရှိကြပေ။ သမ္မတကို ပြည်သူလူထုကသာ ရွေးကောက် တင်မြှောက်ပိုင်ခွင့် ရှိကြသည်။

ဗြိတိသျှတို့၏ ပါလီမန်လွှတ်တော်စနစ်တွင် ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားသည့် ပါလီမန်လွှတ်တော်အမတ်များဖြင့် ဖွဲ့စည်းထားသည်။ ထိုပါလီမန်လွှတ်တော်အမတ်များသည် ဥပဒေကိုလည်း ပြဋ္ဌာန်းပြီး အုပ်ချုပ်ရေးအတွက် အကြီးအကဲခေါင်းဆောင် ဝန်ကြီးချုပ်ကိုလည်း ရွေးချယ်ပေးကြရသည်။ ဝန်ကြီးချုပ်ကို လူထုက တိုက်ရိုက် ရွေးကောက်တင်မြှောက်ခြင်း မပြုရဘဲ အမတ်များထဲမှ ရွေးကောက် တင်မြှောက်ပေးကြရသည်။

## ကွန်ဂရက်လွှတ်တော်

အမေရိကန် ပြည်ထောင်စု၏ ကွန်ဂရက်လွှတ်တော်တွင် လွှတ်တော် နှစ်ရပ်ပါဝင်သည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ဟူ၍ ဖြစ်သည်။ ပြည်နယ်များ၏ လူဦးရေ အချိုးအစားအလိုက် အောက်လွှတ်တော်အမတ်များကို ရွေးကောက် တင်မြှောက်ပေးကြရသည်။ အမေရိကန် အောက်လွှတ်တော်တွင် အမတ်ဦးရေ ၄၃၅ ဦး ရှိကြောင်း သိရသည်။ အောက်လွှတ်တော်အတွက် ပြည်နယ် တစ်ခုလျှင် အနည်းဆုံး အမတ်တစ်ဦး ရွေးကောက် တင်မြှောက်ပေးရသည်။

အထက်လွှတ်တော်တွင် ပြည်နယ် တစ်ခုစီအတွက် အမတ် နှစ်ဦး ရွေးကောက် တင်မြှောက်ပေးကြရသည်။ အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်ပေါင်း အမတ်ဦးရေမှာ ကွန်ဂရက်တွင် ၅၃၅ ဦး ရှိသည်။

## အထက်လွှတ်တော် (Senate)

ဒုတိယသမ္မတသည် အထက်လွှတ်တော်၏ ဥက္ကဋ္ဌ ဖြစ်သည်။ ဒုတိယသမ္မတ မအားလပ်သည့်အချိန်တွင် လွှတ်တော်၌ သဘာပတိအဖြစ် တာဝန်ယူနိုင်ရန်



mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်စားဥက္ကဋ္ဌကို ရွေးချယ်ရသည်။ များသောအားဖြင့် လွှတ်တော်တွင် ဝါအရင့်ဆုံး ပုဂ္ဂိုလ်ကိုသာ ကိုယ်စားဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ပေးလေ့ ရှိသည်။ အခြေခံဥပဒေမှ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အရ ထိုသို့ ကိုယ်စား ဥက္ကဋ္ဌကို ရွေးချယ်ပေးခြင်း ဖြစ်သည်။ ကိုယ်စားဥက္ကဋ္ဌသည် လုပ်ငန်းလည်း ကျွမ်းကျင်ပြီး ဥပမိရုပ်လည်း ခံ့ညားသူ ဖြစ်လျှင် အထက်လွှတ်တော်အပေါ် လွှမ်းမိုးနိုင်သည်။

**အောက်လွှတ်တော် (House of Representatives)**

ခေါင်းဆောင်မှုအာဏာတွင် အောက်လွှတ်တော်သည် အထက်လွှတ်တော်ထက် ပိုပြီး ပါဝါရှိသည်ဟု ဆိုနိုင်သည်။ အောက်လွှတ်တော်တွင် အမတ်ဦးရေလည်း များပြီး လုပ်ငန်း အစီအစဉ်များနှင့် ပြောရေးဆိုခွင့်များ အထူးဂရုစိုက်ကာ တင်းကျပ်ထားလေ့ရှိသည်။ အောက်လွှတ်တော်တွင် အရေးအပါဆုံးပုဂ္ဂိုလ်မှာ လွှတ်တော်သဘာပတိ ဖြစ်သည်။ လွှတ်တော်သဘာပတိကို အမတ်အများစု ရရှိထားသည့် ပါတီမှ အကြီးအကဲ ခေါင်းဆောင်တစ်ဦးဦးကိုသာ ခန့်အပ်လေ့ ရှိသည်။

သဘာပတိသည် မိမိပါတီကို အထောက်အကူပြုနိုင်သော အရေးကြီး သည့် အာဏာများကို သုံးပိုင်ခွင့် ရှိသည်။ လွှတ်တော်အတွင်း တင်ပြရန် အချက်များ၊ စကားပြောရန် အခွင့်အရေးများ၊ မဲခွဲရန် ကိစ္စများ၊ အထူးကော်မတီ များ ဖွဲ့စည်းရန် ကိစ္စများအတွက်ပါ လွှမ်းမိုးနိုင်သူ ဖြစ်သည်။

**ဥပဒေကြမ်း တင်သွင်းခြင်း**

မည်သည့်လွှတ်တော်အမတ်မဆို ဥပဒေသစ်တစ်ခု ဖြစ်စေရန် ဥပဒေကြမ်း (မူကြမ်း) ကို တင်သွင်းခွင့် ရှိသည်။ အောက်လွှတ်တော်တွင် ဥပဒေကြမ်းကို စာရေးလက်အတွင်းသို့ ဖြစ်စေ၊ သတ်မှတ်ထားသည့် စာပုံးထဲသို့ ဖြစ်စေ ထည့်ပေးလိုက်ရုံသာ ဖြစ်သည်။ အထက်လွှတ်တော်တွင်မူ သဘာပတိထံ တိုက်ရိုက်တင်သွင်းရသည်။ ထိုမူကြမ်းများကို အမှတ်စဉ်ထိုးပြီး ပုံနှိပ်ထားလိုက် သည်။ ထိုမူကြမ်းကို ကွန်ဂရက်လွှတ်တော် အစည်းအဝေး သက်တမ်းတစ်ခု တွင် မမီပါက နောက်အစည်းအဝေးတွင် အသစ်ပြန်လည် တင်ပြလေ့ရှိသည်။

ဥပဒေကြမ်းကို တင်သွင်းလိုက်လျှင် သက်ဆိုင်ရာ ကော်မတီများက ကြားနာရပါသည်။ ထို့နောက် ကော်မတီက လွှတ်တော် တစ်ရပ်လုံးတွင်


mgyoe.com

mgyoe.com
SAMPLE BOOK

ဆွေးနွေးနိုင်ရန်အတွက် အစီရင်ခံ တင်ပြရသည်။ ဥပဒေကြမ်းများကို အောက်လွှတ်တော် ဥက္ကဋ္ဌက ဖြစ်စေ၊ အထက်လွှတ်တော် သဘာပတိက ဖြစ်စေ ကော်မတီများကို စဉ်းစားရန် ပြန်လည်ရည်ညွှန်း ပေးပို့ရသည်။ ကော်မတီသည် မူကြမ်းကို အချေအတင် ငြင်းခုံနိုင်သည်။ ပြင်ဆင်နိုင်ခွင့် ရှိသည်။ သို့သော် အတည်ပြုခြင်း မလုပ်နိုင်ပေ။ အတည်ပြုရန်အတွက် အောက်လွှတ်တော်ကို ပြန်ချပေးရသည်။ အောက်လွှတ်တော် အမတ်ဦးရေ ထက်ဝက် ၂၁၈ ဦးက အတည်ပြုမှသာ ရသည်။

လွှတ်တော်နှစ်ရပ်သည် မကြာခဏ သဘောထားကွဲလေ့ရှိသည်။ ထိုအခါ လွှတ်တော်နှစ်ရပ်၏ အမတ်များ တစ်ဖက်စီ ပါဝင်သော ကွန်ဖရင့် ကော်မတီကို ဖွဲ့စည်းပေးရသည်။ ထိုကော်မတီက သဘောထား ကွဲလွဲမှုများကို စေ့စပ်ပေးရသည်။ လွှတ်တော် နှစ်ရပ်စလုံးက လက်ခံနိုင်သည့် အခြေအနေသို့ ရောက်အောင် ဖျန်ဖြေပေးရသည်။

စေ့စပ်ပြီး သဘောတူညီချက် ရထားသည့် ဥပဒေကြမ်းကို ဆိုင်ရာ လွှတ်တော်များသို့ တင်ပြ အစီရင်ခံရသည်။ ဥပဒေကြမ်းကို ဆိုင်ရာ လွှတ်တော်များက အသီးသီး ဆွေးနွေးပြီး မဲပေးကြသည်။ လွှတ်တော် နှစ်ရပ်စလုံးက အများသဘောတူညီချက်ကို ရရှိလျှင် ဥပဒေကြမ်းကို သမ္မတထံ တင်သွင်းရပါသည်။ သမ္မတက အတည်ပြုချင်လည်း ပြုသည်။ အတည်မပြုချင်လျှင်လည်း ဗီတိုအာဏာ သုံးကာ ပယ်ချလေ့ရှိသည်။

ကွန်ဂရက်လွှတ်တော်သည် သမ္မတ၏ ဗီတိုအာဏာကို လွှမ်းမိုးပြီး ဥပဒေကြမ်းကို အတည်ပြုနိုင်ပါသည်။ သို့သော် လွှတ်တော်နှစ်ရပ်စလုံး၏ မဲ သုံးပုံ နှစ်ပုံကို ရမှသာလျှင် သမ္မတ၏ ဗီတိုအာဏာကို ပယ်ဖျက်ပိုင်ခွင့် ရှိသည်။ ပယ်ဖျက်ခွင့်မဲ သုံးပုံ နှစ်ပုံ မရလျှင် ထိုဥပဒေကြမ်းသည် ကွန်ဖရင့်ကော်မတီဆီသို့ ပြန်ရောက်သွားသည်။ ထိုအခါ ကွန်ဖရင့်ကော်မတီက ကွန်ဂရက်နှင့် သမ္မတ နှစ်ဖက်စလုံးက လက်ခံနိုင်သည့် ဥပဒေကြမ်း ဖြစ်စေရန် ပြန်လည် ပြင်ဆင်ရသည်။

လုပ်ထုံးလုပ်နည်းများအရ ဥပဒေကြမ်း တစ်ခုကို ဥပဒေပြုလွှတ်တော် တစ်ရပ်ရပ်က အတည်ပြုလိုက်လျှင် ထိုဥပဒေကြမ်းသည် ဥပဒေ ဖြစ်လာသည် ဆိုသော်လည်း သမ္မတက လက်မှတ်ထိုးမှသာလျှင် ဥပဒေ ဖြစ်လာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**လွှတ်တော်ပြင်ပကျိတ်ဝိုင်း**

အမေရိကန် လွှတ်တော်တွင် ထူးခြားချက်တစ်ရပ်မှာ ဥပဒေကြမ်းတစ်ခုကို တင်သွင်းရန် ရှိလျှင် လွှတ်တော်အမတ်များသည် လွှတ်တော်ခန်းမ အပြင်ဘက်တွင် အချင်းချင်း ကျိတ်ဝိုင်းဖွဲ့ကာ ဆွေးနွေးလေ့ရှိကြသည်။ ထိုသို့ ကျိတ်ဝိုင်းဖွဲ့ကာ ဆွေးနွေးခြင်းကို *Lobby* ဟု ခေါ်ပါသည်။

ထိုကျိတ်ဝိုင်းများတွင် အရပ်သား မဲဆန္ဒရှင်များကိုယ်စား အကျိုးဆောင်ပြီး လာရောက်ဆွေးနွေး တင်ပြကြသူများ ရှိပါသည်။ ထိုသူများသည် ပြည်သူတို့၏ ဆန္ဒနှင့် သဘောထားများကို အောက်လွှတ်တော်သို့ လာရောက်ဆွေးနွေး တင်ပြလေ့ရှိသည်။ ထိုသူများကို *Lobbyist* များဟု ခေါ်သည်။ လွှတ်တော်ခန်းမဘေးရှိ ဧည့်ခန်းလေးများတွင် ဆိုင်ရာလွှတ်တော်အမတ်များနှင့် တွေ့ဆုံပြီး အရေးဆိုခြင်း၊ ဆွေးနွေးခြင်းများမှ ဥပဒေပြုခြင်းအပေါ် လွှမ်းမိုးသွားနိုင်မှုများ ရှိတတ်သည်။ ပြည်သူများအနေဖြင့် ဥပဒေတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် တိုက်တွန်း နှိုးဆော်ရာ ရောက်သဖြင့် အရေးပါသည် ဟူ၍လည်း ဆိုနိုင်သည်။

**ဘယ်ဘက်ကို လိုက်မလဲ**

ဤနေရာတွင် ၁၇၇၄ ခုနှစ် နိုဝင်ဘာလ (၃) ရက်နေ့က ဗြိတိသျှ လွှတ်တော်အမတ် ဖြစ်လာသူ *Edmund Burke* ၏ မိန့်ခွန်းမှ ကောက်နုတ်ဖော်ပြလိုပါသည်။ စဉ်းစား ဆင်ခြင်နိုင်ရန် ဖြစ်သည်။

> "လူကြီးမင်းများ ခင်ဗျား၊ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးဦးဟာ မိမိ မဲဆန္ဒနယ်မြေမှာ ရှိတဲ့ မဲဆန္ဒရှင်များနဲ့ အနီးကပ် ဆက်သွယ်၊ ပူးပေါင်းညီညွတ်မှု ရှိရင် ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်ပါတယ်၊ မဲဆန္ဒရှင် အများစုရဲ့ ဆန္ဒကို လိုက်နိုင်ရင် ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ ပြောဆိုသမျှ စကားတွေဟာ အင်မတန် လေးနက်ပါလိမ့်မယ်၊ ပြည်သူတွေရဲ့ ထင်မြင်ချက်ကို ပြည်သူ့ကိုယ်စားလှယ်က လေးစားရပါလိမ့်မယ်၊ ပြည်သူ့အတွက် ဆောင်ရွက်ပေးရမယ့် လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် ဂရုစိုက်နေရပါလိမ့်မယ်။
>
> "လွှတ်တော်အမတ် တစ်ယောက်ရဲ့ တာဝန်ဟာ မိမိ ကြိုက်တာ၊ နှစ်သက်တာ၊ ကျေနပ်တာ မှန်သမျှဟာ မဲဆန္ဒရှင် ကြိုက်တာ၊ နှစ်သက်တာ၊ ကျေနပ်တာ ဖြစ်အောင်လုပ်ဖို့ တာဝန်ရှိပါတယ်၊ နောက်ဆုံးမှာ


mgyoe.com

mgyoe.com SAMPLE BOOK

အမတ်မင်းများအနေနဲ့ ကိုယ့်အကျိုးထက် မဲဆန္ဒရှင်များရဲ့ အကျိုးကို ကြည့်ရပါလိမ့်မယ်။

"ဒါပေမဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးတွေထံမှာလည်း ဘက်မလိုက်တဲ့ ထင်မြင်ချက်မျိုးတွေ ရှိနိုင်ပါတယ်၊ ရင့်ကျက်တဲ့ ဗဟုသုတတွေ၊ အသိတရားတွေနဲ့ ဆုံးဖြတ်တာမျိုးလည်း ရှိနိုင်ပါတယ်၊ အဲဒီ ဂုဏ်သတ္တိတွေကိုတော့ ဘယ်သူဘယ်ဝါအတွက် ဆိုပြီးတော့ စွန့်လွှတ်ခြင်း မပြုသင့်ပါဘူး၊ အဲဒီ ဂုဏ်သတ္တိတွေဟာ ဥပဒေတို့၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့ကြောင့် ရလာတဲ့ ဂုဏ်သတ္တိတွေလည်း မဟုတ်ပါဘူး။

"ပြည်သူ့ကိုယ်စားလှယ်ဆိုတာဟာ ပြည်သူတွေအတွက် ဆောင်ရွက်ပေးဖို့ လုံ့လဝီရိယနဲ့ ပြည့်စုံရမှာသာမက အမှားအမှန် ပိုင်းခြား ဝေဖန်ဆုံးဖြတ်နိုင်တဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံရပါတယ်၊ ဒီတော့ ဆုံးဖြတ်ချက်ချရမယ့် ကိစ္စတိုင်းမှာ မဲဆန္ဒရှင်အလိုကိုလိုက် အကြိုက်ကို လုပ်ရမယ် ဆိုရင် တရားမျှတစွာ ဆုံးဖြတ်ရမယ် ဆိုတဲ့အချက်ကို သစ္စာဖောက်တာနဲ့ တူနေပါလိမ့်မယ်"

*Ref : We The People, by Benjamin Ginsberg*



mgyoe.com

mgyoe.com SAMPLE BOOK

# လွှတ်တော်နှင့် ဒီမိုကရေစီ သဘောတရား




ပြည်သူ့ကိုယ်စားလှယ်များသည်
ပြည်သူတို့၏ အခွင့်အရေးကို
အာမခံချက် ပေးနိုင်ရမည် ဖြစ်သည်။
ထို့ပြင်
နိုင်ငံတော် တည်ငြိမ်ရေးနှင့်
တရားဥပဒေ
စိုးမိုးရေးတို့အတွက်လည်း
တာဝန်ယူနိုင်ရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

# လွှတ်တော်နှင့် ဒီမိုကရေစီ သဘောတရား

ဒီမိုကရေစီကို အကောင်းဆုံး စံတစ်ရပ်အနေဖြင့် သတ်မှတ်ကြသည့်နိုင်ငံများတွင် လွှတ်တော်အရပ်ရပ်ကို ဖွဲ့စည်းထူထောင်ကြပါသည်။ ဒီမိုကရေစီဖြင့် လွှတ်တော်ကို ထူထောင်ရခြင်း အကြောင်းရင်း နှစ်ရပ်ရှိသည်။

ပထမ အကြောင်းရင်းမှာ လွှတ်တော်တွင်း ပါဝင်လာသူများသည် နိုင်ငံ၏ ဥပဒေနှင့် မူဝါဒများကို ချုပ်ကိုင်လို၍ဖြစ်သည်။ ဥပဒေနှင့်အညီ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲလိုသည့် စိတ်ရင်းစေတနာဖြင့် ရွေးကောက်တင်မြှောက်ခံကာ ရောက်လာရခြင်း ဖြစ်သည်။

ဒုတိယ အကြောင်းရင်းမှာ လွှတ်တော်တွင်း အချင်းချင်း အပြန်အလှန် ဆက်ဆံရေး ဖြစ်သည်။ အားလုံး တန်းတူညီမျှ တူညီသော စိတ်ဓာတ်ဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံဆောင်ရွက်ကြရန် ဖြစ်သည်။

အထက်ပါ သဘောတရားသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ မရှိဘဲ လွှတ်တော်အတွင်း ဒီမိုကရေစီ ဖော်ဆောင်ခြင်းတွင် အရေးကြီးသည့် အချက်များလည်း ဖြစ်သည်။ ခေတ်သစ်ဒီမိုကရေစီလှူဘောင်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် -

၁။ နိုင်ငံသူ နိုင်ငံသားတို့၏ အခွင့်အရေးကို အာမခံချက်ပေးနိုင်ရမည်။

၂။ အစိုးရကို တာဝန်ခံနိုင်သောသူများ ဖြစ်ရန်လိုသည်။

mgyoe.com

mgyoe.com

SAMPLE BOOK

၃။ မိမိတို့ လူ့ဘောင်အဖွဲ့အစည်းအတွက် အမြဲရှင်သန် လှုပ်ရှားနေကြရမည်။

၄။ အစိုးရနှင့် ပြည်သူကြားတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖျန်ဖြေပေးနိုင်သူများ ဖြစ်ရမည်။ အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် မီဒီယာများကို ကိုင်တွယ် ဖြေရှင်းနိုင်သူများ ဖြစ်ရမည်။

လွှတ်တော်သည် အစိုးရအဖွဲ့ ပြီးလျှင် တိုင်းပြည်၏ အရေးပါသော နေရာဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ထိန်းကျောင်းကာ စည်းလုံးညီညွတ်ကြရန် လိုပါသည်။ သို့မှသာ ဒီမိုကရေစီနည်းကျ လွှတ်တော်ကို ထူထောင်နိုင်မည် ဖြစ်သည်။

## ပြည်သူ့အခွင့်အရေး

ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူတို့၏ အခွင့်အရေးကို အာမခံချက်ပေးနိုင်ရမည် ဖြစ်သည်။ ထို့ပြင် နိုင်ငံတော် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လည်း တာဝန်ယူနိုင်ရမည်။ ပြည်သူတို့၏ အခွင့်အရေးဆိုသည်မှာ -

- လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊
- လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ခွင့်၊
- လွတ်လပ်စွာ ရွေးကောက် တင်မြှောက်ပေးပိုင်ခွင့်

စသည်တို့ကို တာဝန်ယူနိုင်ရမည်ဖြစ်သည်။ ထိုအခွင့်အရေးများကို အခြေခံရပိုင်ခွင့်တစ်ရပ်အနေဖြင့် မရရှိလျှင်၊ ရရှိစေရန် စွမ်းဆောင်ပေးနိုင်ခြင်းမရှိလျှင် ပြည်သူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူများဟူ၍ မခေါ်ဆိုနိုင်ပေ။ လွှတ်တော်အတွင်း အားကြီးသည့်ပါတီက အားနည်းသည့်ပါတီ သို့မဟုတ် အဖွဲ့အစည်းအပေါ် မလွှမ်းမိုးရေး၊ အားလုံး တန်းတူညီမျှ ဆက်ဆံနိုင်ရေးကို အလေးပေးခြင်းဖြင့်သာ ဒီမိုကရေစီကို ဖော်ဆောင်နိုင်ပါလိမ့်မည်။

ပြည်သူနှင့် ပြည်သူ့ကိုယ်စားလှယ်များသည် အပြန်အလှန် လေးစားမှုထားခြင်းဖြင့် လွှတ်တော်ကို အလေးထားခြင်း၊ လွှတ်တော်ကို အလေးထားခြင်းဖြင့် နိုင်ငံကို အလေးထားခြင်း၊ နိုင်ငံကို အလေးထားခြင်းဖြင့် နိုင်ငံတကာနှင့် အပြန်အလှန် လေးစားမှု ရနိုင်ခြင်းများ ဖြစ်လာနိုင်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားမဟုတ်သူများလည်း ရှိနိုင်သဖြင့် နိုင်ငံတကာစံနှင့် ကိုက်ညီသည့် လူ့အခွင့်အရေးများကို လက်ခံ ကျင့်သုံးကာ ဒီမိုကရေစီသဘောတရားကို ဖော်ထုတ်ပြသနိုင်ပါသည်။ ယခုအခါ နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးသည် စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများကိုလည်း တောင်းဆိုလာကြသည်။ ပြည်သူ့အခွင့်အရေးများတွင် လွတ်လပ်စွာ စီးပွားရှာပိုင်ခွင့်၊ ပြည်သူ့အကျိုးစီးပွားများကို ရယူထိန်းသိမ်းပိုင်ဆိုင်ခွင့်များလည်း နိုင်ငံတကာစံအတိုင်း သတ်မှတ်ကျင့်သုံးရန် လိုအပ်လာသည်။

## လွှတ်တော်သည် အစိုးရကို ကိုယ်စားပြုခြင်း

ဒီမိုကရေစီနိုင်ငံတော်များတွင် ပြည်သူကို ကိုယ်စားပြုသည့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှိရပါသည်။ လွှတ်တော် အဖွဲ့ဝင်များသည် နိုင်ငံတော် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကိုလည်း တာဝန်ယူကြရသည်။ လွှတ်တော်အဆင့်ဆင့်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အတွက် အာဏာအဆင့်ဆင့် ခွဲဝေသတ်မှတ်ထားပြီး ဒီမိုကရေစီနည်းကျကျ စီမံ အုပ်ချုပ်မှုရှိရန်လည်း လိုပါသည်။

လွှတ်တော်ဆိုသည်မှာ ပြည်သူတို့၏ ဆန္ဒမှန်ကို ဖော်ထုတ်ပြခွင့်ရှိသော နေရာ၊ သတ်မှတ်ထားသည့် အာဏာခွဲဝေမှုအရ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသော နေရာဖြစ်ရန်လည်း လိုသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဆိုသည်မှာ ပြည်သူများကို ကိုယ်စားပြုသည့်၊ ပြည်သူတို့က မိမိတို့ကိုယ်စား လွှတ်တော်တွင် အကျိုးဆောင်စေချင်သည့်အတိုင်း အမှန်တကယ် ပြည်သူ့အကျိုး ဆောင်သူများ ဖြစ်ရန်လိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူတွေက ဘာတွေ လုပ်ဆောင်စေချင်သောကြောင့် လွှတ်တော်ကို လွှတ်လိုက်ရသနည်း ဆိုသည့်အချက်ကို ကမ္ဘာ့စံအတိုင်း တင်ပြလိုပါသည်။

- ဥပဒေ ရေးဆွဲစေလိုသည်။
- အခွန်အကောက်နှင့် ရသုံးငွေစာရင်းများကို မှန်ကန်စွာ ဖြစ်စေချင်သည်။ နိုင်ငံတော် ဘတ်ဂျက်များကို သုံးသင့်သည့် နေရာများတွင်

mgyoe.com

mgyoe.com
SAMPLE BOOK

ပိုသုံးခြင်း၊ လျှော့သင့်သည့် နေရာများတွင် လျှော့သုံးခြင်းများကို မျှတစွာ ဖြစ်စေလိုသည်။

- အုပ်ချုပ်ရေး၊ မူဝါဒ ရေးဆွဲရေး၊ ပြည်သူ့တာဝန် ထမ်းဆောင်ရေးကိစ္စများတွင် အနီးကပ် ကြီးကြပ်စေလိုသည်။
- နိုင်ငံတကာနှင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကိစ္စရပ်များတွင် သဘောတူ စာချုပ်များ ချုပ်ဆိုရာ၌ ပြည်သူ့ကိုယ်စား စောင့်ကြည့်စေလိုသည်။
- နိုင်ငံတွင်း၊ နိုင်ငံပ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် ဝေဖန်ထောက်ပြ လေ့လာ သုံးသပ်စေလိုသည်။
- မတရားမှုများ၊ နစ်နာမှုများကို နာကြား ပြောပြစေလိုသည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲသင့်လျှင် ပြောင်းနိုင်စေရန် ထောက်ခံ အားပေးသူများ ဖြစ်စေလိုသည်။

အထက်ပါအချက်များကို အကောင်အထည်ဖော်နိုင်ခြင်းသည် ဒီမိုကရေစီနည်းကျ လွှတ်တော်ကို ဖော်ဆောင်ခြင်းဟူ၍ သတ်မှတ်ကြသည်။ ထိုအချက်များကို ပြည်သူ့ကိုယ်စား ဆောင်ရွက်ပေးခြင်းသည် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အားလုံးကို မြှင့်တင်ပေးရာလည်း ရောက်စေပါသည်။

## ပြည်သူ့အဖွဲ့အစည်း

ဤနေရာတွင် ပြည်သူ့အဖွဲ့အစည်း ဆိုသည်မှာ အစိုးရ မဟုတ်သည့် *NGO* အဖွဲ့အစည်းများကို မဆိုလိုပါ။ အရပ်သား ပြည်သူ့အဖွဲ့အစည်းများကို ဆိုလိုပါသည်။ ပြည်သူတို့သည် တူညီမှုတစ်ခုတွင် ပေါင်းစုကာ ကိုယ့်ပြဿနာ ကိုယ်ဖြေရှင်းကြသည်။ စိတ်တူ၊ ဝါသနာတူများ ပေါင်းစုပြီး တိုင်းပြည်၊ နိုင်ငံ၊ လူမျိုး၊ ဘာသာ ကောင်းကျိုးတစ်ခုခုကို ဖော်ဆောင်ခြင်းအား ဆိုလိုပါသည်။

အသင်းအပင်း၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် လွတ်လပ်သည် ဆိုသော်လည်း အစိုးရနှင့် ပတ်သက်နေရသည့်ကိစ္စများ ရှိကောင်းရှိနိုင်ပါသည်။ ဒီမိုကရေစီ ဆိုသည်မှာ ပြည်သူများက အစိုးရတစ်ရပ်ကို ရွေးကောက်တင်မြှောက်ပေးလိုက်သည်ဆိုရုံဖြင့် တာဝန်ကျေပြီဟု မယူဆစေလိုပါ။ ပြည်သူများနှင့် အထိအတွေ့များပြီး၊ ပြည်သူ့အကျိုးကို အနီးကပ် ဆောင်ရွက်နိုင်သူများကို ရွေးချယ်တင်မြှောက်ပေးနိုင်မှသာလျှင် တာဝန်ကျေမည် ဖြစ်ပါသည်။ ဒီမို


mgyoe.com

mgyoe.com SAMPLE BOOK

ကရေစီလွှတ်တော်နှင့် ဒီမိုကရေစီလွှတ်တော် ကိုယ်စားလှယ်များသည် ဒီမို ကရေစီ နည်းကျကျ လှုပ်ရှားနေကြသည့် အခြား အသင်းအဖွဲ့များနှင့်လည်း ထိစပ်မှုရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဥပဒေနည်းကျကျ ပူးပေါင်း ဆောင်ရွက်သွားကြရန် အရေးကြီးသည်။

## နိုင်ငံရေးပါတီများ

အစိုးရနှင့် ပြည်သူများကြားတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကိုလည်း မေ့ထား၍ မဖြစ်နိုင်ပါ။ နိုင်ငံရေးပါတီများကြောင့် လွှတ်တော် အကောင် အထည် ပေါ်လာရသည်။ လွှတ်တော်သည် နိုင်ငံသူ နိုင်ငံသားများကို ကိုယ်စား ပြုရုံမက နိုင်ငံရေးပါတီများဖြင့်လည်း ကိုယ်စားပြုထားသည်။ ပါတီများက မိမိတို့ အနိုင်ရလျှင် ဘာလုပ်ပေးမည်ဟု ပြည်သူကို ကတိပေးကာ ပြည်သူတို့ အယုံကြည်ရဆုံးသူများ လွှတ်တော်အတွင်းသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ ထို့ကြောင့် လွှတ်တော်သည် ပါတီနှင့်မကင်း၊ ပါတီသည် ပြည်သူနှင့် မကင်း နိုင်ပေ။

ပြည်သူ၏အသံ၊ ပါတီ၏အသံတို့သည် လွှတ်တော်၏အသံများ ဖြစ်ပါ သည်။ သို့သော် လက်တွေ့ဘဝတွင် ပါတီများသည် ပြည်သူတို့အတွက် မရှိ မဖြစ် အသွင်မဆောင်ဘဲ လွှတ်တော်နှင့် အာဏာအတွက် မရှိမဖြစ်အသွင် ဆောင်လာခြင်းများသည် ဒီမိုကရေစီနည်းကျ လွှတ်တော်ကို သွေဖည်ခြင်း ဖြစ်လာသည်။ ပါတီဆိုသည်မှာ အစိုးရနှင့် ပြည်သူကြားတွင် ပေါင်းကူးပေး ရန်သာဖြစ်ပြီး ပြည်သူကို အုပ်ချုပ်သည့် အစိုးရဖြစ်ရေး တစ်ခုတည်းကိုသာ အားထုတ်ခြင်းမျိုး မဖြစ်သင့်ပေ။

## မီဒီယာ

လူ့ဘောင်အဖွဲ့အစည်းတွင် ပြည်သူနှင့်အစိုးရကြား ပေါင်းကူးတံတားတစ်ခုမှာ မီဒီယာဖြစ်သည်။ မီဒီယာ ဆိုသည်မှာ ပြည်သူ့အကြောင်းကို အစဉ်နားစွင့်နေ ရမည်။ ပြည်သူ့အသံ လွှတ်တော်က ကြားနိုင်ရေးအတွက် တာဝန်ရှိသည်။ မဟုတ်မမှန်သော၊ တရားမမျှတသော၊ ဖောက်ပြန်သော၊ အကျင့်ပျက်သော ကိစ္စမှန်သမျှကို မီဒီယာတို့က စောင့်ကြည့်နေရမည်။ ဒီမိုကရေစီ အရည်အသွေး မည်မျှတောက်ပြောင်မှုရှိ မရှိကို မီဒီယာတို့က အဆုံးအဖြတ်ပေးနိုင်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

လွှတ်တော်အရည်အသွေး တောက်ပြောင်ရေး၊ မီဒီယာ အရည်အသွေး တောက်ပြောင်ရေးတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အရေးကြီးသည်။ မီဒီယာကြောင့် လွှတ်တော်သည် ဒီမိုကရေစီအရောင်တောက်လာပြီဟု တင်စားလေ့ရှိကြသည်။ ထိုသို့တင်စားနိုင်ရန်လည်း အရည်အချင်း ပြည့်ဝသည့် မီဒီယာသမားများ ရှိရန် လိုသည်။

ဒီမိုကရေစီနည်းကျလွှတ်တော်ဖြစ်ရေးအတွက် လိုအပ်ချက်များကို ပြန်ချုပ်ရလျှင် -

- ပြည်သူကို ကိုယ်စားပြုနိုင်ရမည်။
  လူမှုရေးအရ၊ နိုင်ငံရေးအရ ပြည်သူကို ကိုယ်စားပြုနိုင်သော၊ အခွင့်အရေးများကို တန်းတူညီမျှ ရရှိစေနိုင်သော၊ ပြည်သူတိုင်း၏ အခွင့်အရေးများကို အကာအကွယ် ပေးနိုင်ရမည်။
- ပွင့်လင်းပြီး ထင်သာမြင်သာ ရှိရမည်။
  မီဒီယာများကို သတင်းမပြတ် ထုတ်ပြန်ပေးနိုင်ရမည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဖြစ်စဉ်များကို စုံစမ်းခွင့်၊ ဖော်ထုတ်ခွင့်၊ ပြည်သူကို တင်ပြခွင့် လွတ်လပ်စွာ ခွင့်ပြုပေးရမည်။
- တံခါးဖွင့်ထားရမည်။
  လွှတ်တော်ဆိုသည်မှာ တံခါးပိတ်လွှတ်တော် မဖြစ်ရ။ ပြည်သူများနှင့် ဆက်သွယ်၊ ပြည်သူများ၏ တင်ပြချက်များကို တံခါးဖွင့်ပေးထားသည့် လွှတ်တော်မျိုး ဖြစ်ရန်လိုသည်။
- တာဝန်ခံနိုင်ရမည်။
  လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ကို ရွေးကောက်တင်မြှောက်ပေးလိုက်သည့် ပြည်သူများကို မိမိတို့ ပေးထားသည့် ကတိအတိုင်း ဆောင်ရွက်ပေးနိုင်စွမ်း ရှိရမည်။ ပြည်သူများ စိတ်ကျေနပ်အောင် စွမ်းဆောင် ကြိုးပမ်းနိုင်သူများ ဖြစ်ရမည်။
- ထိရောက်မှု ရှိရမည်။
  ဒီမိုကရေစီတန်ဖိုးအတိုင်း ပြည်သူ့အရေးကို ကြိုးပမ်းဆောင်ရွက်ပေးနိုင်သူများဖြစ်ရန် လိုပါသည်။

ပြည်သူတို့သည် မိမိတို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများကို မည်သည့်စိတ်စေတနာ၊ ခံစားချက်များဖြင့် ရွေးကောက်တင်မြှောက်လိုက်သည်


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုစေ ဒီမိုကရေစီလွှတ်တော်သည် ဒီမိုကရေစီနည်းကျကျ ပြည်သူ့အကျိုး ဆောင်ရွက်ပေးခြင်းဖြင့်သာ ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်စေမည် ဖြစ်သည်။


*Ref: Parliment and Democracy in the Twenty-First Century, by David Beetham*



mgyoe.com

mgyoe.com SAMPLE BOOK

# လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လူ့အခွင့်အရေး




mgyoe.com

mgyoe.com SAMPLE BOOK

# လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လူ့အခွင့်အရေး

ဆိုဗီယက်ရုရှားခေတ် ကွန်မြူနစ်စနစ် ခေတ်ကောင်းချိန်က ဖြစ်သည်။ ကွန်မြူနစ် ခေါင်းဆောင်ကြီးများဖြစ်ကြသည့် ခရုရှက်နှင့် ဘူခါနင်တို့သည် အင်္ဂလန်နိုင်ငံသို့ အလည်အပတ် သွားခဲ့ကြသည်။ သူတို့က အင်္ဂလန်တွင် လေဘာပါတီခေါင်းဆောင် ဟုချ် ဂေ့စကဲလ်အပြင် အခြား လေဘာပါတီဝင်များနှင့် တွေ့ဆုံကြသည်။ အရင်းရှင်နိုင်ငံကြီး တစ်နိုင်ငံနှင့် ကွန်မြူနစ်နိုင်ငံကြီး တစ်နိုင်ငံမှ ခေါင်းဆောင်များသည် အထွေအထွေလေးတွေနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ခရုရှက်က တစ်နေရာတွင် ဂေ့စကဲလ်ကို “ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျားတို့ ဒီမိုကရေစီနဲ့ ကျုပ်တို့ ဒီမိုကရေစီ ဘာကွာလို့လဲ” ဟု မေးလိုက်သည်။ ဂေ့စကဲလ်က ချက်ချင်းပင် “ခေါင်းဆောင်ကြီး ပရီးကလီးစ်ရဲ့ ဈာပနမိန့်ခွန်းကို ဖတ်ကြည့်ရင်ကောင်းမယ်” ဟု ပြောလိုက်သည်။

ပရီးကလီးစ်သည် ဘီစီ ၄၉၅ ခုနှစ်ခန့်က အေသင်နိုင်ငံမှ နိုင်ငံရေးသမား တစ်ယောက်ဖြစ်သည်။ နိုင်ငံရေးခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့သူဖြစ်ပြီး သူက လွတ်လပ်ခြင်း ဆိုသည်မှာ ပျော်ရွှင်ခြင်း ဖြစ်ကြောင်း၊ လွတ်လပ်ခြင်းကို ရဲရင့်သူတို့သာ ပိုင်ဆိုင်နိုင်ကြောင်း၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဝေဖန်ဆွေးနွေးခွင့် ပြုလုပ်နိုင်သူသည် စစ်ပွဲတစ်ပွဲကို ထွက်တိုက်သူကဲ့သို့ ရဲရင့်ပြောင်မြောက်သူ ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့ဖူးသည်။ သူက မပြောရဲ၊ မဆိုရဲတာ ကိုယ့်



mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကြောင့်သာဖြစ်ကြောင်း၊ ပြောချင်ရင် ပြင်ဆင်မယ်၊ ပြင်ဆင်တာပိုင်လေ ပြောနိုင်လေ၊ သိအောင်ကြိုးစားလေ၊ ပြောချင်လေဟု ဆိုခဲ့သည်။

ဆိုဗီယက်ခေတ်က ရုရှားနိုင်ငံကို အာဏာရှင်စနစ် ကျင့်သုံးသည့်နိုင်ငံ ဟူ၍ အနောက်နိုင်ငံများက သတ်မှတ်ကြသည်။ ထိုနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကိုလည်း အကန့်အသတ်နှင့်သာဟု ထင်ကြသည်။ ဆိုဗီယက်ခေတ်တွင် လွတ်လပ်စွာ ထုတ်ဖော်ဝေဖန်ခွင့်များကို ပေးထားသည်။ သတင်းစာနှင့် မဂ္ဂဇင်းများတွင် ရှားရှားပါးပါး တွေ့မြင်ကြရသည်။ သို့သော် ထိုဝေဖန်မှုများသည် ခေတ်ကို မဝေဖန်၊ စနစ်ကို မဝေဖန်ရပေ။ ကွန်မြူနစ်ခေတ်တွင် ကွန်မြူနစ် မကောင်းကြောင်းတော့ ပြောဆိုခွင့်မရှိ။ ကွန်မြူနစ်စနစ်ကို စံထားပြီး တိုင်းပြည်ကို ကွန်မြူနစ် နိုင်ငံတော်အဖြစ် ထူထောင်နေသည်ဖြစ်သောကြောင့် စနစ်ကို ဝေဖန်ခွင့်မပေးခြင်းဖြစ်သည်။ တရုတ်ကွန်မြူနစ်တို့လည်း ထိုနည်းအတိုင်းသာ ဖြစ်သည်။ စနစ်နှင့် ခေါင်းဆောင်ကို ဝေဖန်ခြင်းအား တန်ပြန်တော်လှန်မှုတစ်ခုအနေဖြင့် ရှုမြင်တတ်ကြသည်။

အချုပ်အခြာအာဏာသည် လူတစ်ဦးတွင် ရှိသည်ဖြစ်စေ၊ လူတစ်စုလက်ထဲတွင် ရှိသည်ဖြစ်စေ၊ လူထုလက်ထဲတွင် ရှိသည်ဖြစ်စေ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပေးခြင်းသည် အရေးကြီးပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောခွင့်မရှိခြင်းကြောင့် နိုင်ငံရေးတွင် အပြစ်တင်စရာ ဖြစ်ရုံမက ကမ္ဘာ့အလယ်တွင်ပါ မျက်နှာငယ်စရာ ဖြစ်နိုင်သည်။ "လွတ်လပ်ခွင့်ကို ပိတ်ပင်လိုက်ခြင်းသည် အစိုးရတစ်ရပ်အနေဖြင့် မိမိတာဝန်ယူထားမှုအပေါ် သစ္စာဖောက်ခြင်း" ဟု *Erskine* ဆိုသူက ပြောခဲ့သည်။

လူ့သဘောသဘာဝက ဖိလျှင် ကြွသည်။ မခံမရပ်နိုင်အောင် ထိလာလျှင် ထတတ်သည်။ ခံစားလာရလွန်းလျှင် ပြုပြင်ပြောင်းလဲမှု တစ်ခုခုကို မျှော်ကိုးလာတတ်သည်။ 'ပြောင်းလဲခြင်း' ဆိုသည်မှာ နိုင်ငံရေး၏ ဥပဒေသတစ်ခုသာ ဖြစ်သည်။ ပြောင်းလဲလိုမှုများကြောင့်သာ နိုင်ငံရေး ဆိုသည်မှာ ဆက်လက်ရှင်သန်နေရသည်။ *Burke* က "ပြောင်းလဲမှုတစ်ခုခု မပြုလုပ်သောနိုင်ငံကို ရေရှည်တည်တံ့အောင် မထိန်းသိမ်းနိုင်" ဟု ဆိုခဲ့သည့်စကားသည် နိုင်ငံရေး ဥပဒေသတစ်ရပ်အနေဖြင့် မှန်ကန်နေသည်သာ ဖြစ်သည်။

လူတိုင်း လွတ်လပ်စွာ ဖော်ထုတ်ခွင့် ရှိခြင်း၊ မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိခြင်းသည် လက်ရှိ နိုင်ငံရေး အနေအထားတွင် အကောင်းဆုံး ဖြစ်နေဦးမည်ကတော့ သေချာသည်။ ဒီမိုကရေစီအရေးတွင် အရေးအကြီး

mgyoe.com

mgyoe.com
SAMPLE BOOK

ဆုံး အခြေခံများ ဖြစ်သဖြင့် ထိုသဘောတရားများမရှိလျှင် ဒီမိုကရေစီလည်း မရှိနိုင်ဟု အကြမ်းဖျင်း မှတ်ယူရမည်သာ ဖြစ်သည်။

လူတိုင်း လွတ်လပ်စွာ ဖော်ထုတ်နိုင်ရန် ဆိုသည်မှာ ဖော်ထုတ်ရမှန်းလည်း သိ၊ ဘာကို ဖော်ထုတ်ရမည်ကိုလည်း သိ၊ ဘယ်လို စနစ်တကျ ဖော်ထုတ်ရမည်ကိုလည်း သိရန်လိုပါသည်။ ထိုသို့သိရန်မှာ ပညာရေးနှင့် သက်ဆိုင်လာသည်။ အခြေခံပညာမှာကတည်းက ပြန်မပြောနဲ့၊ ငါ ပြောတာ နားထောင်၊ ငါ ခိုင်းတာ လုပ်ဟု ကန့်သတ်ခြင်း ခံခဲ့ရလျှင် ပြန်ပြောရဲသည့်၊ ဖော်ထုတ်နိုင်သည့် စွမ်းအင်တွေ ချွတ်ယွင်းခဲ့မည် ဖြစ်သည်။

မိမိတို့ မျိုးဆက်သစ်များကို ခန္ဓာကိုယ် ရင့်သန်ဖွံ့ထွားအောင် လုပ်ရုံသာမက စိတ်ဓာတ်ဖွံ့ဖြိုးအောင်လုပ်ပေးရန်လည်း အရေးကြီးပါသည်။ လူငယ်တို့ကို ပြုစုပျိုးထောင်ရန်မှာ နိုင်ငံတော်၏ တာဝန်တစ်ရပ်အနေဖြင့် မှတ်ယူခဲ့သည့် ပလေတိုကတော့ သူ၏ *"Republic"* ဆိုသည့် စာအုပ်တွင် အစိုးရသည် ပညာရေးကို ထိန်းချုပ်ပြီး မည်သို့လုပ်ဆောင်ရမည်ကို ပြဆိုခဲ့သည်။ စာပေ၊ ကဗျာ၊ ပန်းချီ၊ ဂီတနှင့် အားကစား လုပ်ငန်းရပ်များကိုပါ အစိုးရသည် တာဝန်ယူပြီး လူချွန်လူကောင်း မွေးထုတ်ရေးကို ငယ်စဉ်ကတည်းက ပြုလုပ်ခဲ့သည်။

ခေတ်သစ်လူ့ဘောင်တွင် ပညာရှာရေးသည် လွတ်လပ်ပြီး အချုပ်အနှောင်ကင်း၊ ဖိစီးလွှမ်းမိုးမှုကင်းရန် လိုပါသည်။ အခြေခံမှ တက္ကသိုလ်အထိ ပညာရေးသည် နာဇီဂျာမနီခေတ် လောက်စပီကာ ပညာရေးမျိုးမဖြစ်ရန် အရေးကြီးသည်။ လောက်စပီကာ ပညာရေး ဆိုသည်မှာ နာဇီတို့သည် ကျောင်းတိုင်းတွင် လောက်စပီကာများ တပ်ဆင်ထားပြီး အချိန်ပြည့် အမိန့်ပေး ခိုင်းစေကာ ပုံစံသွင်းနေခြင်းဖြစ်သည်။ ထိုပညာရေးမျိုးများတွင် လွတ်လပ်စွာ ဖော်ထုတ်နိုင်သည့် စိတ်ဓာတ်များ ရှိလာနိုင်မည် မဟုတ်ပါ။ နိုင်ငံရေးအာဏာဖြင့် ပညာရေးကို ချုပ်ကိုင်လိုက်လျှင် ပါးစပ်ကိုသာမက ဦးနှောက်ကိုပါ အလုပ်မလုပ်နိုင်စေရန် ထိန်းချုပ်လိုက်သလို ဖြစ်သွားနိုင်သည်။

ဤအကြောင်းနှင့် ပတ်သက်၍ *Robert M. Hutchins* ဆိုသူက -

"ပညာရေး ဆိုသည်မှာ စဉ်ဆက်မပြတ် အပြန်အလှန် ဆွေးနွေးငြင်းခုံနေခြင်းသာ ဖြစ်သင့်သည်။ သို့မှသာ ပညာရေးသည် အစစ်အမှန် ဖြစ်မည်။ လောကအမြင်ကို တစ်ခုတည်း မြင်စေရန် မလုပ်သင့်။ ဘက်ပေါင်းစုံ ရှုမြင်တတ်စေရန်သာ ဖြစ်သင့်သည်" ဟုဆိုခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

လူ့ဘောင်လောက တိုးတက်လာရခြင်းသည် မတူသည့် အမြင်များကို ဆွေးနွေးငြင်းခုံရင်းဖြင့် တိုးတက်လာရခြင်းဖြစ်သည်။ လူတစ်ယောက်ပြောလျှင် ခေါင်းညိတ်၊ ဟုတ်နိုးနိုး မျှော်ကိုးနေခြင်းသည် မတိုးတက်ခြင်း၊ စိတ်ဓာတ်နုံချာခြင်းသာ ဖြစ်သည်။ သူများကို အားကိုးသည့်စိတ်ဓာတ် ရှိခြင်းကြောင့် ကိုယ်အားကိုးအားထားပြုသူ ဘာမျှမလုပ်နိုင်လျှင် ကိုယ်လည်း ဘာမျှဖြစ်အောင် မလုပ်နိုင်သည့်အသွင် ဆောင်သွားသည်။ ကိုယ့်လုပ်နိုင်ခွင့်ကို ပိတ်ပင် တားဆီးထားလိုက်ခြင်းသာ ဖြစ်သည်။

တက္ကသိုလ်များကို ဆိုကရေးတီးခေတ် ပညာသင်စနစ်ဖြင့် သင်ကြားသည့်ကျောင်းများ ဖြစ်စေချင်သည်။ ဆိုကရေးတီးသည် ရောက်သည့် နေရာတွင် ကြုံသလို သင်သည်။ အကြောင်းအရာမရွေး အပြန်အလှန် ဆွေးနွေးခြင်းဖြင့် သင်သည်။ ပြဿနာကို အသေးစိတ် ခွဲခြမ်း စိတ်ဖြာပြီး အဆင့်ဆင့် မြှင့်ယူသွားသည်။ သို့ဖြစ်ရာ သူ့တပည့်များသည် လွတ်လပ်စွာ ဖော်ထုတ်နိုင်သူများ၊ ပြောင်မြောက်စွာ ဖော်ထုတ်နိုင်သူများ ဖြစ်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ ညီလာခံမှ လူ့အခွင့်အရေး ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုကြေညာစာတမ်း၏ အပိုဒ် ၁၉ တွင် -

'လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟဖော်ပြပိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင် နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအချက်အလက်များနှင့် သဘောတရားများကို တစ်နည်းနည်းဖြင့် လွတ်လပ်စွာ ရှာဖွေဆည်းပူးပိုင်ခွင့်၊ လက်ခံပိုင်ခွင့်၊ ဝေငှဖြန့်ချိပိုင်ခွင့်တို့ ပါဝင်သည်'ဟု သတ်မှတ်ပြဌာန်းထားသည်ကို တွေ့ရပါသည်။

လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၉ နှင့် ယှဉ်တွဲ ကြည့်ရန်လိုအပ်သည့် ကြေညာချက်မှာ အပိုဒ် ၂၉ ဖြစ်ပါသည်။ ထိုကြေညာချက်တွင် လူတိုင်း၌ မိမိတို့လူ့ဘောင် အသိုက်အဝန်းကြီး ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသည်ဆိုစေ -

'မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုပြီး ရိုသေလေးစားရန် လိုသည်။ ဒီမိုကရေစီ ကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်း သာယာရေးနှင့် ပြည်သူ့အကျိုး



mgyoe.com

mgyoe.com SAMPLE BOOK

စီးပွား ဖြစ်ထွန်းရေးအတွက် တရားမျှတစွာ ကျင့်ကြံရန် ဥပဒေက ပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်' ဟု ဖွင့်ဆိုထားပါသည်။

လူ့အခွင့်အရေး ကြေညာစာတမ်း၏ နောက်ဆုံးအချက် ဖြစ်သော အပိုဒ် ၃၀ တွင်လည်း -

'ဤကြေညာစာတမ်းပါ အခွင့်အရေးနှင့်တကွ လွတ်လပ်ခွင့်များ ပျက်စီးရာ ပျက်စီးကြောင်းကို ရည်ရွယ်ပြီး နိုင်ငံ တစ်နိုင်ငံအတွက် ဖြစ်စေ၊ လူတစ်စု အတွက် ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အတွက် ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် အခွင့်ရှိသည် ဟူ၍ လည်းကောင်း၊ ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည် ဟူ၍ လည်းကောင်း အဓိပ္ပာယ် ကောက်ယူခြင်း မရှိစေရ' ဆိုသည့် အချက်သည် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများတွင် ယှဉ်တွဲ စဉ်းစားသင့်သည့် အချက်များ ဖြစ်ပါသည်။

*Ref: The Right of the People, by William O. Douglas*



mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံရေးစိတ်ပါဝင်စားသူများဖွဲ့စည်းခြင်းနှင့် နိုင်ငံရေးအသစ်လှုပ်ရှားခြင်း




နိုင်ငံရေးစိတ်ပါဝင်စားသူများအုပ်စုသည် အစိုးရ ဘာလုပ်မည် သို့မဟုတ် အစိုးရ ဘာထုတ်ပြန်တော့မည်ကို စောင့်ကြည့်နေကြသည်။ သို့သော် အပျက်သဘောဆောင်သောအမြင်ဖြင့် ရှုမြင်သုံးသပ်နေခြင်းထက် အပြုသဘောဆောင်သည့် ဝေဖန် အကြံပြုချက်များ ပေးနိုင်ရန် ကြိုးစားအားထုတ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံရေး စိတ်ပါဝင်စားသူများ ဖွဲ့စည်းခြင်းနှင့် နိုင်ငံရေးအသစ် လှုပ်ရှားခြင်း

နိုင်ငံရေးကို စိတ်ပါဝင်စားသူများ စုပေါင်းဖွဲ့စည်းထားသည့်အဖွဲ့ သို့မဟုတ် အုပ်စုကို *interest group* ဟု ခေါ်ပါသည်။ ထိုအဖွဲ့ သို့မဟုတ် အုပ်စုသည် နိုင်ငံရေးကို သာမန်စိတ်ပါဝင်စားသူများဟု ဆိုနိုင်သော်လည်း အစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ မူဝါဒများကို ချမှတ်ရာတွင် များစွာ အထောက်အကူပြုနိုင်သည့် အဖွဲ့အစည်းများအဖြစ် ထင်ရှားကြသည်။ ထိုအုပ်စုသည် နိုင်ငံရေးဆိုင်ရာ သဘောတရားများကို ဝေဖန် ထောက်ပြခြင်း၊ သူတို့အမြင်၊ သူတို့သဘောထားများကို အစိုးရနှင့် ပြည်သူတို့ ကြားသိအောင် လုပ်ပေးခြင်းကြောင့် ထင်ရှားသည့် အဖွဲ့အစည်းများဟု ဆိုနိုင်ပါသည်။ အနောက်နိုင်ငံများတွင် နိုင်ငံရေး စိတ်ပါဝင်စားသူများအုပ်စုသည် အစိုးရ ဆုံးဖြတ်ချက်များအပေါ် များစွာ လွှမ်းမိုးမှု ရှိကြောင်းလည်း တွေ့ရသည်။

အမေရိကန် ပြည်ထောင်စုတွင် နိုင်ငံရေး စိတ်ပါဝင်စားသူများအဖွဲ့ကို *"Lobbies"* ဟု ခေါ်သည်။ ထိုစကားလုံးသည် *"Lobbying"* ဆိုသည့် စကားလုံးနှင့် မှားနိုင်သည်။ အမေရိကန်တွင် *"Lobbying"* ဆိုသည်မှာ လွှတ်တော်အမတ်များကို မိမိတို့ ဖြစ်စေချင်သည့် ကိစ္စများအား ဆွယ်တရားဟောခြင်းကို ခေါ်သည်။

နိုင်ငံရေး စိတ်ပါဝင်စားသူများအဖွဲ့သည် နိုင်ငံရေး ကိစ္စများကို စုံစမ်းစစ်ဆေး အရေးယူပေးရသည့် အဖွဲ့အစည်းနှင့်လည်း မှားနိုင်သည်။ ထိုအဖွဲ့သည် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ် ဆောင်



mgyoe.com

mgyoe.com SAMPLE BOOK

ရှက်ပေးကြသည့် အဖွဲ့မျိုးသာ ဖြစ်သည်။ နိုင်ငံရေး စိတ်ပါဝင်စားသူများသည် နိုင်ငံရေးပါတီများလည်း မဟုတ်ကြပေ။ တစ်နည်းအားဖြင့် နိုင်ငံရေး စိတ်ပါဝင်စားသူများအဖွဲ့သည် အစိုးရ မူဝါဒများကို ထိန်းကျောင်းရပြီး နိုင်ငံရေးပါတီများသည် အစိုးရအား ပုဂ္ဂိုလ်ရေးအရ ထိန်းကျောင်းရသည့်အသွင်ဆောင်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံရေး စိတ်ပါဝင်စားသူများ အဖွဲ့ပေါင်း မြောက်မြားစွာ ရှိသည်။ အမေရိကန် နိုင်ငံသား သန်းနှင့်ချီပြီး အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အဖွဲ့ပေါင်းများစွာတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားနေကြသည်။ မိမိတို့ အဖွဲ့အစည်း ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေများကို ထည့်ဝင်ကြသည်။ အဖွဲ့က ကျင်းပသည့် အစည်းအဝေးများကိုလည်း တက်ကြွစွာ တက်ရောက် ဆွေးနွေး အကြံပေးကြသည်။ အမေရိကန်တို့က နိုင်ငံရေးပါတီများအသွင်ဖြင့် နိုင်ငံရေးကို လှုပ်ရှားရခြင်းထက် နိုင်ငံရေးကို စိတ်ပါဝင်စားသူများအသွင်ဖြင့် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားရခြင်းကို ဒီမိုကရေစီ ဖော်ဆောင်ခြင်းဟု သတ်မှတ်ကာ ပိုပြီးသဘောကျကြောင်း သိရသည်။

နိုင်ငံရေး စိတ်ပါဝင်စားသူများသည် မိမိတို့အုပ်စုအလိုက် ပညာအရည်အချင်းကို သတ်မှတ် လက်ခံတတ်သည်များလည်း ရှိသည်။ လွှတ်တော်သို့ နိုင်ငံရေး စိတ်ပါဝင်စားသူများအဖြစ် မိမိတို့အဖွဲ့ ကိုယ်စားပြုသူများကို စေလွှတ်တတ်ကြသည်။ ထို နိုင်ငံရေး စိတ်ပါဝင်စားသူများ အုပ်စုသည် အစိုးရ ဘာလုပ်မည် သို့မဟုတ် အစိုးရ ဘာထုတ်ပြန်တော့မည်ကို စောင့်ကြည့်နေကြသည်။ သို့သော် အပျက်သဘောဆောင်သော အမြင်ဖြင့် ရှုမြင်သုံးသပ်နေခြင်းထက် အပြုသဘောဆောင်သည့် ဝေဖန် အကြံပြုချက်များ ပေးနိုင်ရန် ကြိုးစားအားထုတ်ကြသည်။ နိုင်ငံရေး စိတ်ဝင်စားသူများ၏ ဦးတည်ချက်မှာ ဒီမိုကရေစီထွန်းကားရေးအတွက်သာ ဖြစ်ပြီး ဒီမိုကရေစီကို ဖျက်ဆီးရန် မဟုတ်ကြောင်း သဘောပေါက်ထားကြသည်။

## နိုင်ငံရေး စိတ်ပါဝင်သည့် အစုအဖွဲ့များ

### စီးပွားရေးနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့များ

ဤအုပ်စုသည် လူတန်းစားအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ဖွဲ့စည်းထားကြသည်။ အစိုးရက စီးပွားရေးဆိုင်ရာကိစ္စများ ဘာတွေ လုပ်တော့မည်၊ မည်သည့် မူဝါဒများ ချမှတ်တော့မည်၊ ဘာဖြစ်နိုင်သည်ကို လေ့လာစူးစမ်းသည့် အဖွဲ့များ


mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်သည်။ စီးပွားရေးကဏ္ဍတွင် လက်တွေ့လုပ်ဆောင်နေကြသူများ၊ လုပ်ငန်းရှင်များကို များစွာ အထောက်အကူပြုနိုင်သည့် အဖွဲ့အစည်းများလည်း ဖြစ်ကြသည်။

အမေရိကန် ပြည်ထောင်စုတွင် *National Petroleum Refiners Association* နှင့် *American Farm Bureau Federation* တို့သည် နာမည်ကြီးအဖွဲ့အစည်းများ ဖြစ်သည်။ ဝါရှင်တန်တွင် လှုပ်ရှားနေသည့် ထိုနိုင်ငံရေးစိတ်ပါဝင်စားသူအဖွဲ့များနှင့် ပူးပေါင်းနေသည့်ကုမ္ပဏီများမှာ *Shell Oil, IBM* နှင့် *General Motors* ကုမ္ပဏီများ ဖြစ်သည်။

## အလုပ်သမားအဖွဲ့များ

အလုပ်သမား အဖွဲ့အစည်းများသည် လွှတ်တော်အကြံပေးအဖွဲ့တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလေ့ရှိကြသည်။ *AFL-CIO*၊ *United Mine Workers* နှင့် *Teamaster* အဖွဲ့များသည် အလုပ်သမား ကိုယ်စားပြု အဖွဲ့များအနေဖြင့် လွှတ်တော်တွင် အကြံပေး ဆွေးနွေးကြသည်။ ယခုအခါ အလုပ်သမားအဖွဲ့ကို နိုင်ငံတွင်းရှိ အလုပ်သမားနှင့် ဝန်ထမ်းများက စိတ်ပါဝင်စားလာကြပြီး အဖွဲ့ဝင် အရေအတွက်များ တိုးပွားနေကြောင်း သိရသည်။ အထူးသဖြင့် မြူနီစီပယ်ဝန်ထမ်းများသည် နိုင်ငံရေး စိတ်ပါဝင်စားမှု ပိုများသည်ဟု ဆိုသည်။

## တတ်သိပညာရှင်အဖွဲ့များ

အမေရိကန် ရှေ့နေကောင်စီနှင့် အမေရိကန် ဆေးပညာရှင်အသင်းတို့သည် ပြည်နယ်နှင့် ဒေသဆိုင်ရာ ဥပဒေပြုရာတွင် များစွာအထောက်အကူ ပြုပေးနိုင်သည့် အဖွဲ့အစည်းများ ဖြစ်ကြသည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကို ကိုယ်စားပြုကြသည့် အမေရိကန် ဘဏ်လုပ်ငန်းရှင်ကြီးများအဖွဲ့နှင့် အမျိုးသား ငွေစုငွေချေးအဖွဲ့တို့သည်လည်း လွှတ်တော်အကြံပြုရာတွင် အရေးပါသည့် အဖွဲ့အစည်းများ ဖြစ်ကြသည်။ ထိုအဖွဲ့များ၏ အကြံပြုချက်များ၊ ဆွေးနွေး တင်ပြချက်များသည် ဥပဒေပြု အဖွဲ့အတွက် များစွာ အထောက်အကူပြုကြောင်း တွေ့ရသည်။

## ပြည်သူ့ရေးရာအဖွဲ့များ

ပြည်သူ့ကိုယ်စားပြု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း လွှတ်တော်အကြံပြုအဖွဲ့တွင် များစွာသက်ရောက်မှု ရှိကြောင်း တွေ့ရသည်။ ထိုအဖွဲ့များ


mgyoe.com

mgyoe.com SAMPLE BOOK

တွင် စားသုံးသူများအတွက် အကာအကွယ်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့တွင် များစွာ ဩဇာသက်ရောက်မှု ရှိကြသည်။ *The Natural Resources Defense Council, The Sierra Club, The Union of Concerned Scientists* နှင့် *Common Cause* အဖွဲ့များသည် ပြည်သူ့ရေးရာ ကိုယ်စားပြုအဖွဲ့များတွင် ထင်ရှားကြသည်။

**အတွေးအမြင်အုပ်စုများ**

ပြည်သူ့ရေးရာကိုယ်စားပြုအဖွဲ့များနှင့် များစွာဆက်နွယ်မှု ရှိကြသည်။ သီးခြား နိုင်ငံရေးဆိုင်ရာ သဘောတရားအမြင် ရှိသူများ၊ အတွေးအခေါ် အယူအဆ ကောင်းပြီး နိုင်ငံရေး အကြံပြုနိုင်သူများဖြင့် ဖွဲ့စည်းထားကြသည်။ ဥပမာ - *People for the American Way* အဖွဲ့သည် လစ်ဘရယ် ဒီမိုကရေစီဆိုင်ရာ သဘောတရားများကို မြှင့်တင်ပေးနိုင်ခဲ့သည်။ *Christian Coalition* အဖွဲ့ သည် ဘာသာရေးဆိုင်ရာ သဘောတရားများကို လည်းကောင်း၊ *National Taxpayers Union* သည် ပြည်ထောင်စု အစိုးရအဖွဲ့ဝင် ဦးရေကို လျှော့ချ နိုင်ရေးအတွက် လှုပ်ရှား ဆောင်ရွက်မှုများ အောင်မြင်ခဲ့သည်။

**ပြည်သူ့ကိုယ်စားပြုအဖွဲ့များ**

အမေရိကန်လွှတ်တော်သည် ပြည်သူ့ကိုယ်စားပြု လွတ်လပ်သော နိုင်ငံရေး ဆိုင်ရာ အကြံပေးများကို နှစ်ပေါင်းများစွာ အလေးထားခဲ့ကြောင်း တွေ့ရသည်။ ဥပမာ *National League of Cities* အဖွဲ့ကဲ့သို့သော နိုင်ငံရေးဆိုင်ရာ သုတေသန ပြုလုပ်နေသည့် အဖွဲ့အစည်းများ ဖြစ်သည်။ နောက်ပိုင်း ထိုအဖွဲ့အစည်း များတွင် *think tank* ကဲ့သို့သော နိုင်ငံရေးဆိုင်ရာ အကြံပေးများ၊ တက္ကသိုလ် များမှ ပညာရှင်များ ပါဝင်လာပြီး အစိုးရကိုယ်တိုင်က သုတေသန ပြုလုပ် ရန်အတွက် ငွေကြေးများ ထောက်ပံ့ပေးရသည်အထိ အောင်မြင်မှုများ ရခဲ့ သည်။ ထိုအဖွဲ့အစည်းများတွင် ဟားဗတ်တက္ကသိုလ်၊ ဘရွတ်ကင်းတက္ကသိုလ် နှင့် အမေရိကန် စီးပွားရေးတက္ကသိုလ်များ ပါဝင်လာကြောင်း တွေ့ရသည်။

အမေရိကန် ပြည်ထောင်စုတွင် 'နိုင်ငံရေးသစ် လှုပ်ရှားမှု' အသွင်ဖြင့် ပြည်သူ့နိုင်ငံရေးတိုက်ပွဲများကို ဆင်နွှဲလာကြကြောင်းလည်း တွေ့ရသည်။ နိုင်ငံ ရေးသစ် လှုပ်ရှားမှုတွင် အဓိက ပါဝင်ကြသူများမှာ အလယ်အလတ်တန်းစား နှင့် အထက်တန်းစား တတ်သိပညာရှင် အများစု ဖြစ်ကြသည်။ ထိုအုပ်စုသည်


mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံသူ နိုင်ငံသား အခွင့်အရေးနှင့် စစ်ဆန့်ကျင်ရေးတို့ကို အဓိကထားပြီး လှုပ်ရှား တိုက်ပွဲဝင်ပေးနေသော အဖွဲ့များ ဖြစ်ကြသည်။ လက်ရှိတွင် ထိုအဖွဲ့များသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အမျိုးသမီးများ အခွင့်အရေးနှင့် ဈေးကလီးယား ဖျက်သိမ်းရေးတို့ကို အဓိက လှုပ်ရှားနေကြသည်။

နိုင်ငံရေးသစ် လှုပ်ရှားသူများအုပ်စုသည် အခြား နိုင်ငံရေး စိတ်ပါဝင်စားသူ အဖွဲ့အစည်းများ ဖြစ်သည့် အထက်တွင် ဆိုခဲ့သော အသင်းအဖွဲ့မျိုးများအသွင် မဆောင်စေရန် သတိထားကြသည်။ ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့နိုင်ငံရေး စိတ်ပါဝင်စားသူများအဖြစ် လတ်တလော နိုင်ငံအတွင်း အခက်အခဲ၊ အကျပ်အတည်းများကို ဖော်ထုတ်တင်ပြ ဝေဖန်ဆွေးနွေးကြသည်က များသည်။ မိမိတို့ ပုဂ္ဂလိက အဖွဲ့အစည်းဆိုင်ရာ မကျေနပ်ချက်၊ သဘောမကျချက်များလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုအုပ်စုများသည် လွှတ်တော်မှ အမတ်များကို တိုက်ရိုက် မအော်ခိုင်းပဲ သူတို့အမြင်၊ သူတို့အတွေးများကို မီဒီယာများမှတစ်ဆင့် တင်ပြနိုင်အောင် ကြိုးစားတတ်သည်။ အထူးသဖြင့် မီဒီယာက အထူးအာရုံစိုက်ခြင်း ခံရသော အဖွဲ့များ ဖြစ်သည်။

နိုင်ငံရေး ဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားတို့၏ တာဝန်တစ်ခုအနေဖြင့် သတ်မှတ်ထားရန် လိုပါသည်။ နိုင်ငံရေးပါတီများအပေါ် စိတ်ကုန်ပြီး နိုင်ငံရေးပါတီများအပေါ် ယုံကြည်မှု နည်းလာကြသဖြင့် အမေရိကန်တို့သည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် နိုင်ငံရေးကို နိုင်ငံတော်အတွက် လုပ်ဆောင်ကြရာမှ နိုင်ငံရေး စိတ်ပါဝင်စားသူများ အဖွဲ့အစည်းတို့ အားကောင်းလာသည်ဟု ယူဆကြပါသည်။

နိုင်ငံရေးကို ပါတီများကသာ ခေါင်းဆောင်နိုင်သည်ဟုယူဆသော အတွေးအမြင်မှသည် နိုင်ငံရေးကို ပြည်သူက ကိုယ်တိုင် ဦးဆောင်နိုင်ရမည် ဆိုသော အတွေးအမြင်ဖြင့် နိုင်ငံရေးသစ်ကို ဖော်ဆောင်ကြခြင်း ဖြစ်ပါသည်။ ပါတီနိုင်ငံရေးလား၊ ပြည်သူ့နိုင်ငံရေးလား ဝိဝါဒ ကွဲပြားစွာ ခွဲခြားရတော့မည့် အချိန်ရောက်ပြီဟု ထင်သည်။

*Ref: We The People, An Introduction to American Politics, by Benjamin Ginsberg*

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံရေးတွင်
# နိုင်ငံရေး စိတ်ဝင်စားသူများ၏ အခန်းကဏ္ဍ




တရားမမျှတသည့် ဥပဒေနှင့် အမိန့်များ
ထုတ်ပြန်လာပါက
သပိတ်လက်နက်ဖြင့် တိုက်ပွဲဝင်ရန်
စည်းရုံးလှုံ့ဆော်တတ်ကြသည်။
သတင်းမီဒီယာများနှင့်
လွှတ်တော်အကြံပြုအဖွဲ့များကိုလည်း
မိမိတို့ဆန္ဒ သဘောထားများကို
ထုတ်ပြန်ပြီး တိုက်ပွဲဝင်တတ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံရေးတွင် နိုင်ငံရေး စိတ်ဝင်စားသူများ၏ အခန်းကဏ္ဍ

ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံတွင် အတိုက်အခံ အင်အားစုများအပြင် 'နိုင်ငံရေး စိတ်ဝင်စားသူများအုပ်စု' *(Interest Group)* တို့၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါကြောင်း တွေ့ရသည်။ နိုင်ငံရေး စိတ်ပါဝင်စားသူများသည် နိုင်ငံရေးစနစ်ကို လူအများ စိတ်ပါဝင်စားလာစေရန် အားထုတ်ကြသည်။ အလုပ်သမားသမဂ္ဂများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်သူများ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ ယာဉ်လုပ်သားများအဖွဲ့ စသည်တို့သည် နိုင်ငံရေး စိတ်ဝင်စားသူများ အဖွဲ့ဝင်အုပ်စုများ ဖြစ်ကြသည်။ *IG* တို့သည် *PG (Pressure Group)* တို့နှင့် အသွင်တူပါသည်။ နိုင်ငံရေးကို ကိုယ့်ထမင်း ကိုယ်စားပြီး လုပ်မည် ဆိုသည့် သဘောတရားတွင် အတူတူပင် ဖြစ်သည်။ သို့သော် အသက်မွေးဝမ်းကျောင်းမှုအလိုက် ဖွဲ့စည်းထားသည့်အုပ်စု များ ဖြစ်ဖနသဖြင့် အမှန်တကယ် အလုပ်နှင့် အဖွဲ့ကို ကိုယ်စားပြုပြီး မိမိအုပ်စု တိုးတက်ရေး၊ နိုင်ငံရေး မြင့်တင်နိုင်ရေးအတွက် စိတ်ရောကိုယ်ပါ ဝင်ရောက် ဆောင်ရွက်နိုင်သူများ ဖြစ်ရန်တော့ လိုသည်။

*IG* တို့တွင် ကိုယ့်ဦးတည်ချက်နှင့်ကိုယ်၊ ကိုယ့်ဗျူဟာနှင့်ကိုယ် လှုပ်ရှားမှု အမျိုးမျိုး ရှိနိုင်သည်။ ဥပမာ- အလုပ်သမားသမဂ္ဂသည် အလုပ်သမား အခွင့် အရေးများကို ကိုယ်စားပြု တိုက်ပွဲဝင်တတ်သည်။ အသက်မွေးဝမ်းကျောင်းမှု အဖွဲ့အစည်းများကလည်း အစိုးရကို တိုက်ရိုက်နည်းဖြင့် မဟုတ်သည့်တိုင် သွယ်ဝိုက်သော နည်းများဖြင့် တိုက်ခိုက်နိုင်စွမ်း ရှိကြသည်။

*IG* တို့သည် ၂၀ ရာစုလောက်ကတည်းက ထင်ရှားလာကြသည်။ စာရေး ဆရာ *Bentley* နှင့် *David B. Truman* တို့သည် နိုင်ငံရေးစနစ်အကြောင်းကို



mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းစွာ သိရှိနိုင်စေရန် စွမ်းဆောင်နိုင်သူများ ဖြစ်ပြီး *IG* များ၏အခန်းကဏ္ဍကို အစိုးရအဖွဲ့အတွင်း သွတ်သွင်းနိုင်ရန် အားထုတ်ခဲ့သူများအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။ *IG* တို့သည် များသောအားဖြင့် နိုင်ငံရေးပါတီများနှင့် နီးစပ်စွာ ပတ်သက်မှုများ ရှိကြသည်။ ဥပမာ ဗြိတိန်ရှိ အလုပ်သမားသမဂ္ဂသည် လေဘာပါတီနှင့် တရားဝင် ပတ်သက် ဆက်နွယ်မှုများ ရှိကြသည်။ အမေရိကန် ပြည်ထောင်စုတွင်လည်း 'စစ်ဘက်ဆိုင်ရာ ကုန်ပစ္စည်း ထုတ်လုပ်သူများအဖွဲ့'နှင့် ပင်တဂွန်တို့သည် ချိတ်ဆက်မှု ရှိနေပြီး လယ်ယာစိုက်ပျိုးသူများ သမဂ္ဂနှင့် လယ်ယာစိုက်ပျိုးရေးဌာနတို့ကလည်း ဆက်နွယ်မှုများ ရှိနေသည်။ ထို့ကြောင့် *IG* တို့နှင့် အစိုးရ ဝန်ကြီးဌာနများမှာလည်း မကင်းနိုင်ပေ။

*IG* တို့သည် အစိုးရအပေါ်တွင် လည်းကောင်း၊ အလုပ်ရှင်များအပေါ်တွင် လည်းကောင်း တရားမမျှတသည့် ဥပဒေနှင့် အမိန့်များ ထုတ်ပြန်လာပါက သပိတ်လက်နက်ဖြင့် တိုက်ပွဲဝင်ရန် စည်းရုံး လှုံ့ဆော်တတ်ကြသည်။ သတင်းမီဒီယာများနှင့် လွှတ်တော်အကြံပြုအဖွဲ့များကိုလည်း မိမိတို့ဆန္ဒ သဘောထားများကို ထုတ်ပြန်ပြီး တိုက်ပွဲဝင်တတ်ကြသည်။ အနောက်တိုင်း ပါလီမန်နှင့် လွှတ်တော်အများစုတွင် လွှတ်တော်အကြံပေး ပြင်ပအဖွဲ့ဝင်များသည် များသောအားဖြင့် *IG* များနှင့် မကင်းကြပေ။

'နိုင်ငံတစ်နိုင်ငံတွင် ပါတီများနှင့် နိုင်ငံရေး စိတ်ဝင်စားသူများ အုပ်စုတို့၏ အခန်းကဏ္ဍ နေရာပိုပြီး ရလာလေ အင်အားကြီးပါတီနှင့် ထိုပါတီမှ ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့တို့၏ ကြီးစိုးလွှမ်းမိုးနိုင်မှုများ လျော့နည်းသွားလေ ဖြစ်သည်' ဟု ***James Madison*** က ဆိုခဲ့သည်။

မက်ဒီဆင်က ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေတစ်ခုသည် နိုင်ငံရေး စိတ်ပါဝင်စားသည့် အုပ်စုများကိုလည်း နေရာပေးရမည် ဖြစ်သည်။ *IG* တို့ အားကောင်းလာလျှင် နိုင်လိုမင်းထက် ပြုချင်သူများ အားနည်းသွားတတ်သည်။ *IG* တို့ များပြားလာလျှင်လည်း ပြိုင်ဆိုင်မှု များလာနိုင်သဖြင့် အားမျှခြေတစ်ခုအထိ အချင်းချင်း ညှိနှိုင်းထိန်းသိမ်းကြရသည်။ မက်ဒီဆင်၏ သဘောတရားအရ 'သဘောတရား မတူသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူ' ***Pluralism*** ကို ကျင့်သုံးကြရန်သာ ဖြစ်သည်။

အမေရိကန်တွင် ထောင်ပေါင်းများစွာသော အဖွဲ့အစည်းများကို ဖွဲ့စည်းထားကြသည်။ အမျိုးသား ရိုင်ဖယ်အသင်းကဲ့သို့သော အဖွဲ့မှသည် နိုင်ငံရေး ပြုပြင်ပြောင်းလဲရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများအထိ ရှိကြသည်။ သူတို့ကိုယ်ပိုင် ရန်ပုံငွေအလိုက်၊ ပြည်သူများ စိတ်ပါဝင်စားမှုအလိုက် အင်အား

mgyoe.com

mgyoe.com SAMPLE BOOK

ကွာခြားကြသည်။ အမေရိကန်တွင် *IG* တို့၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ရခြင်းသည် အစိုးရအနေဖြင့် ပြည်သူ့ရေးရာ မူဝါဒများကို ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ဖြစ်သည်။ ပြည်သူတို့အသံသည် အဖွဲ့အစည်းများထံ ရောက်ရမည်၊ အဖွဲ့အစည်းများအသံသည် လွှတ်တော်ထံ ရောက်ရမည် ဆိုသည့် သဘောတရားဖြင့် *IG* တို့က လှုပ်ရှားကြသည်။ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးနိုင်ရေးမှာ သူတို့၏ ဦးတည်ချက် ဖြစ်သည်။

အမေရိကန်ရှိ အလုပ်သမားသမဂ္ဂ လှုပ်ရှားမှုများ ရှိသော ပြည်နယ်၊ ခရိုင်၊ တိုင်းဒေသများတွင် အလုပ်သမားများ၏ ဩဇာသည် အလွန် ကြီးမားသည်။ သမဂ္ဂသည် ကွန်ဂရက်အထိ လွှမ်းမိုးနိုင်စွမ်း ရှိသည်။ အချို့သော ပြည်နယ်များတွင် အလုပ်သမား သမဂ္ဂများက မထောက်ခံလျှင် ရွေးကောက်ပွဲတွင် မအောင်မြင်သည်အထိ ရှိတတ်သည်။ အလုပ်သမား သမဂ္ဂများက ဦးဆောင်ပြီး မိမိတို့ ကြိုက်နှစ်သက်သည့် အမတ်လောင်းကို မဲပေးရန် စည်းရုံး လှုံ့ဆော်မှုများ ရှိသည်။ *IG* များ အနေဖြင့်လည်း မိမိတို့ နှစ်သက်ရာ ပါတီနှင့် အမတ်လောင်းကို ငွေကြေး အထောက်အပံ့ ပေးနိုင်သည်။

အမေရိကန်တွင် *IG* တို့ကို လွှတ်တော်ပြင်ပ အကြံပေးအဖွဲ့ *(Lobbies)* များအနေဖြင့်လည်း ရည်ညွှန်းခေါ်ဝေါ်ကြသည်။ *Lobbying* လုပ်ခြင်း ဆိုသည်မှာ တစ်ခါတစ်ရံတွင် နိုင်ငံရေးသမားများက *IG* များအပေါ် အသုံးချသွားမှုများလည်း ရှိနိုင်သည်။ *IG* တို့ကို တစ်ခါတစ်ရံ နိုင်ငံရေး လှုပ်ရှားသူများနှင့် ရောထွေးတတ်ပါသည်။ နိုင်ငံရေး လှုပ်ရှားသူများမှာ ရွေးကောက်ပွဲထက် ရွေးကောက်ခံမည့်သူအပေါ် အလေးပေး လှုပ်ရှားတတ်ပါသည်။ *IG* တို့သည် နိုင်ငံရေးပါတီများ မဟုတ်ကြောင်းကို ဦးစွာ သိထားရန် လိုပါသည်။ *IG* တို့သည် ပါတီနိုင်ငံရေးထက် ပေါ်လစီနိုင်ငံရေးကို စိတ်ဝင်စားကြသည်။ အစိုးရက ချမှတ်မည့် မူဝါဒများကိုသာ အလေးထား တုံ့ပြန်တတ်ကြသည်။ ပါတီနိုင်ငံရေးက မိမိတို့ပါတီ အောင်နိုင်ရေးနှင့် ပါတီမှ အစိုးရ ဖွဲ့နိုင်ရေးကို အဓိကထားသည့် ပုဂ္ဂိုလ်နိုင်ငံရေး ဖြစ်သည်။

အမေရိကန်တွင် အဖွဲ့အစည်းပေါင်း များစွာ ရှိသကဲ့သို့ လူတစ်ယောက်သည် အဖွဲ့အစည်း နှစ်ခု၊ သုံးခုဝင်လည်း ဖြစ်နိုင်သည်။ သတ်မှတ်ထားသည့် အဖွဲ့ကြေး၊ အသင်းဝင်ကြေး၊ လစဉ်ကြေး ပုံမှန်ပေးပြီး အစည်းအဝေး ပုံမှန်တက်လျှင် အဖွဲ့ဝင်များ ဖြစ်နိုင်သည်။ အဖွဲ့အချို့သည် ပညာရေးဖြင့် မိမိတို့အဖွဲ့ ဂုဏ်တက်စေရေးအတွက် ကန့်သတ်ထားတတ်သည်များလည်း ရှိနိုင်သည်။ ကွန်ဂရက်လွှတ်တော်တွင် *lobby* အုပ်စုအတွင်း ဝင်ဆံ့နိုင်ရေးအတွက်


mgyoe.com

mgyoe.com
SAMPLE BOOK

ဩဇာရှိသူများ၊ ပညာတတ်သူများကိုလည်း ပျိုးထောင်ထားတတ်ကြသည်။ အဖွဲ့အတွင်း ဒီမိုကရေစီနည်းကျကျ ခေါင်းဆောင်များကို ရွေးကောက်တင်မြှောက်ထားတတ်သည်။ သူတို့သည် အစိုးရ လှုပ်ရှားမှု မှန်သမျှကို စောင့်ကြည့် အကဲခတ်နေကြရသည်။ သူတို့အဖွဲ့ဝင်များအပေါ် ထိခိုက်မှု မရှိအောင်လည်း သတိထားလေ့ ရှိကြသည်။

*IG* ကို လူတိုင်း မဖွဲ့နိုင်ရန် သတ်မှတ်ချက်များ ရှိပါသည်။ အထူးသဖြင့် အစိုးရက တရားဝင် ခွင့်မပြုနိုင်သူများ၊ အခြေအနေအရ မလိုအပ်သည့်သူများက *IG* ဖွဲ့ပြီး ဇရုတ်ဇရက် မလုပ်နိုင်ရန်လည်း ကာကွယ်ထားပါသည်။ လွန်ခဲ့သည် နှစ်ပေါင်း ၅၀ လောက်ကတည်းက ဒေးဗစ် ထရူးမင်းသည် *IG* ကို 'အစိုးရနှင့် ပတ်သက်သည့် လုပ်ငန်းပေါ်လစီများအပေါ် စိတ်ဝင်စားပြီး အကောင်းဆုံး ဝေဖန်အကြံပြုနိုင်မည့်သူများဖြင့်သာ ဖွဲ့စည်းရန်'ဟူ၍ သတ်မှတ်ချက်ချထားခဲ့သည်။ သူက 'အစွမ်းအစရှိသော *IG* များ ဖြစ်ရေး'ကိုသာ အဓိကထားသည်။ လူတိုင်းကို နိုင်ငံရေး စိတ်ပါဝင်စားစေရေး၊ နိုင်ငံရေးအကြောင်း ပြည်သူများ သိစေရေး၊ နိုင်ငံရေးကို စေတနာ့ဝန်ထမ်းအဖြစ် ထမ်းဆောင်နိုင်ရေးကိုသာ အလေးပေး ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့်လည်း လွှတ်တော်တွင် ဆွေးနွေးမည့် အကြောင်းအရာများကို *lobbies* များမှတစ်ဆင့် တင်ပြနိုင်ခဲ့သလို ဆုံးဖြတ်ချက်များချနိုင်ရန်အတွက်လည်း အထောက်အကူပြုနိုင်ခဲ့သည်။ အစဉ်အလာ ဦးတည်ချက်က *IG* များကို ထိုသို့ ဖြစ်စေရန် ဦးတည်ခဲ့သည်။

သို့ဖြစ်ရာ အမေရိကန်တွင် *IG* များအဖြစ် မသတ်မှတ်နိုင်သည့်သူများကိုလည်း အထူးအချက်များအနေဖြင့် လက်ခံထားခဲ့ကြသည်။ ထိုသူများမှာ အိမ်ထောင် မရှိသည့် မိခင်များ၊ လစာနည်း အလုပ်သမားများ၊ သူနာပြုအကူများ၊ ဆေးဝါးအကူ၊ အိုးမဲ့အိမ်မဲ့၊ အိမ်အကူ၊ ဝမ်းဆွဲ၊ အစမ်းခန့် ကောလိပ်ဆရာများ၊ အစမ်းခန့် ကျောင်းဆရာများ၊ ဘွဲ့မရသေးသူများ၊ အရှေ့အလယ်ပိုင်းမှ လာရောက်နေထိုင်သူများ၊ တန်ဖိုးနည်းအိမ်ရာများမှ အိမ်ငှားများ၊ ကောလိပ်အားကစားသမားများကို *IG* များ ဖွဲ့ခွင့် မပြုပါ။

အမေရိကန်တွင် နိုင်ငံရေးပါတီများအပေါ် ပြည်သူများက စိတ်ပါဝင်စားမှုနည်းပါးလာပြီး နိုင်ငံရေး စိတ်ပါဝင်စားသည့် *IG* တို့၏ အခန်းကဏ္ဍ ရှေ့တန်းသို့ ရောက်လာကြောင်း တွေ့ရသည်။ အမေရိကန်တွင် *IG* တို့ ပါဝင် ပတ်သက်နေသည့် *lobby* များ လွှမ်းမိုးမှုကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ပယ်ဖျက်သွားနိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း နှစ်ပေါင်းများစွာ *IG* နှင့် *lobby* များက ရပ်တည်နိုင်ခဲ့ကြသည်။ ပါတီများ အားနည်းလာခြင်းက *lobby* များ

mgyoe.com

mgyoe.com SAMPLE BOOK

အားကောင်းလာစေခြင်းဟု ပညာရှင်များက သုံးသပ်ကြသည်။ နိုင်ငံရေးပါတီများ အားနည်းလာခြင်း၊ နိုင်ငံရေးပါတီများအပေါ် ပြည်သူတို့ စိတ်ပါဝင်စားမှု နည်းလာခြင်းသည် အစိုးရနှင့်ပြည်သူ တိုက်ရိုက်ဆက်ဆံရန်အတွက် *IG* များကို အားကိုးရန် အနေအထား ရောက်လာစေသည်။

အမေရိကန်တွင်ရှိသည့် *IG* အဖွဲ့အစည်းများကို လေ့လာကြည့်လျှင်လည်း ကုန်သည်ကြီးများအဖွဲ့၊ ကုန်ပစ္စည်း ထုတ်လုပ်သူများအဖွဲ့၊ ဆေးဝါးအဖွဲ့၊ လူမည်းများ တိုးတက်ရေးအဖွဲ့၊ လယ်သမား အစည်းအရုံး၊ ကက်သလစ် လူမှုဖူလုံရေးအဖွဲ့၊ အမေရိကန်ဂျူးအဖွဲ့၊ လူ့အခွင့်အရေး ကာကွယ်ရေးအဖွဲ့ စသည့် အင်အားကြီး အဖွဲ့များ၏ အခန်းကဏ္ဍမှာ လူတိုင်း စိတ်ပါဝင်စားပြီး အားကိုးအားထား ပြုကြသည့် အနေအထားတွင် ရှိနေသည်။

အမေရိကန်အစိုးရ မူဝါဒအရလည်း ထိုသို့ အဖွဲ့အစည်းများ ပေါ်ထွန်းလာရေးကို အထူးအားပေးထားသည်။ ၁၈၃၀ နှင့် ၁၈၄၀ ကျွန်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများမှသည် ၁၉၆၀ နောက်ပိုင်း ဗီယက်နမ်စစ် ဆန့်ကျင်ရေးတွင် *IG* များ၏ အခန်းကဏ္ဍသည် အထူးအရေးပါခဲ့သောကြောင့် ပြည်သူ့ထောက်ခံမှုများကို အများဆုံး ရရှိခဲ့သည်ဟုလည်း ဆိုနိုင်သည်။ ပညာတတ် လူငယ်များ တိုးပွားလာပြီး လူငယ်များကိုယ်တိုင်က နိုင်ငံရေး သဘောတရားများ ပြည်သူတို့ သိရှိနိုင်ရေးနှင့် ကိုယ်ကျင့်တရား မြှင့်တင်ရေးတို့တွင် ပါဝင်ဆောင်ရွက်လာကြခြင်းကလည်း *IG* တို့ကို ဂုဏ်မြှင့်တင်ပေးသလို ရှိနေသည်။

*IG* တို့သည် နိုင်ငံရေးအရ အဘယ်ကြောင့် လွှမ်းမိုးနိုင်ခဲ့သနည်း ဆိုသည့် အချက်ကို ပြန်သုံးသပ်ကြည့်လျှင် မိမိတို့အသင်း လှုပ်ရှားမှုများကို မီဒီယာများတွင် ပါလာစေရန် အားထုတ်နိုင်ခြင်း၊ စာများ ရေးပြီး ပြည်သူများ၏ နားမျက်စိကို ဖွင့်ပေးကာ အားကိုးအားထား ပြုလာစေခြင်း၊ လှုပ်ရှားမှုတစ်ခုခုတိုင်းအတွက် ဦးတည်ချက်ကို ပြောင်းပေးနိုင်စွမ်း ရှိခြင်း၊ ဆန့်ကျင်ဆန္ဒပြပွဲများတွင် ဦးဆောင်နိုင်စွမ်း ရှိခြင်း၊ အစိုးရ၏ လုပ်ဆောင်ချက်များ၊ ဥပဒေ ထုတ်ပြန်ချက်များကို သဘောမကျလျှင် တရားရုံးများအထိ သွားရောက်ကန့်ကွက်ခြင်း၊ လွှတ်တော်ရှိ ဆုံးဖြတ်ချက်ချနိုင်မည့်သူများထံအရောက် သတင်းအချက်များကို တိတ်တဆိတ် ပေးပို့အစီရင်ခံနိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရသည်။ လူထုကလည်း အားပေး၊ အစိုးရကလည်း ကြည်ဖြူလေးစားသဖြင့် ဒီမိုကရေစီ ထွန်းကားရေးတွင် *IG* တို့၏ အခန်းကဏ္ဍသည် ဆက်လက် အရေးပါနေဦးမည်သာ ဖြစ်သည်။

***Ref: We The People, by Benjamin Ginsberg***


mgyoe.com

mgyoe.com SAMPLE BOOK

# အာဏာကို သန်းစစ်ကြည့်ခြင်း




ဒီမိုကရေစီစနစ်လမ်းကြောင်းကို
လိုက်နေသည့် နိုင်ငံများတွင် ဒီမိုကရေစီ
သဘောတရားအရ အာဏာနှင့် ပုဂ္ဂလိက
လွတ်လပ်ခွင့်များကြားတွင်
အားပြိုင်မှုများ ရှိတတ်သည်။
အာဏာကို မှုဝေသုံးစွဲခွင့်ပြုထားခြင်း
ကြောင့်လည်း အာဏာကို ပြန်လည်
ချိန်ညှိရမှုများ ရှိကောင်းရှိနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အာဏာကို ဆန်းစစ်ကြည့်ခြင်း

## လျှို့ဝှက်ချက် သုံးပါး

ပြည်သူနှင့် အစိုးရကြားတွင် ဆက်စပ်မှု သုံးခု ရှိနေရသည်။ မေတ္တာတရား၊ ယုံကြည်မှုနှင့် အာဏာ ဟူ၍ ဖြစ်သည်။ ထို သုံးခုသည် လျှို့ဝှက်စွာဖြင့် သိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ ပေါင်းယှက် ဆက်နွယ်နေသည့် သဘောတရားလည်း ဖြစ်ပါသည်။ စကားပုံတစ်ခု ရှိပါသည်။ 'ယုံကြည်မှုသည် တောင်ကြီးကို ရွေ့သွားစေနိုင်သလို မေတ္တာ၏အစွမ်းကြောင့်လည်း တိုက်ပွဲကို အောင်နိုင်စေသည်' ဟူ၍ ဖြစ်သည်။ အာဏာကို မြတ်နိုးခုံမင်ခြင်း၊ အာဏာကို ယုံကြည်ခြင်းသည် လူသား၏ မွေးရာပါ ဗီဇစိတ် ဖြစ်သည်။ မေတ္တာတရားနှင့် ယုံကြည်မှုသည် လူသားကို ပျော်ရွှင်စေသည်။ ယုံကြည်လျှင် အစွမ်းထက်လာတတ်သည်။ အာဏာသည် စွမ်းအားတစ်ခုသာ ဖြစ်သည်။

အာဏာကို လူတိုင်း သိသည်။ အသိအမှတ်လည်း ပြုကြသည်။ အာဏာကို ကျင့်သုံးခြင်း၊ ကျင့်သုံးမှုကို လက်ခံခြင်း၊ အတူတကွ နေထိုင်ကြခြင်းသည် လူသား၏ သဘာဝ ဖြစ်လာသည်။ သို့သော် လူသားသည် အာဏာကို အသိအမှတ် မပြုချင်၊ မေ့ထားချင်သူများ ဖြစ်နေပြန်သည်။ တစ်နည်း ဆိုရလျှင် အာဏာမှ ထွက်ပြေး လွတ်မြောက်ချင်သူများ ဖြစ်သည်။

လူတို့သည် ချစ်ကြောင်းလည်း ပြောချင်သည်။ ယုံကြည်ကြောင်းကိုလည်း ပြချင်သည်။ အာဏာကိုလည်း ချစ်ကြောက် ရိုသေနေကြသည်။ လူသားသည် သူ ဘာလုပ်ရမည်ကို သိသည်။ သို့သော် ဘာလုပ်ပါဟု ပြောလာလျှင်



mgyoe.com

mgyoe.com
SAMPLE BOOK

ကြိုက်ချင်မှ ကြိုက်တတ်သည်။ လူသားသည် တစ်ဦးတစ်ယောက်တည်း နေရသည် မဟုတ်။ ပတ်ဝန်းကျင်နှင့် နေထိုင်ရခြင်းကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ ဟန်ဆောင်ခြင်း၊ ဖုံးကွယ်ခြင်းတို့ကို တတ်မြောက်လာရသည်။

## နိုင်ငံရေးအာဏာ

လူ့ဘောင်သမိုင်းတွင် လူသားနှင့် အာဏာသည် နိုင်ငံရေး သဘောတရားအရ ဆက်စပ်လာရသည်။ နိုင်ငံရေး ဆိုသည်မှာ အာဏာအတွက် တိုက်ပွဲဝင်ခြင်း ဖြစ်လာရသည်။ လူမှုနယ်ပယ်တွင် နိုင်ငံရေး ဆိုသည်မှာ အဓိကကျသည့် သဘောတရားတစ်ခု ဖြစ်လာသည်။ နိုင်ငံရေးဆိုသည်မှာ ဆတ်ဆတ်ထိမခံ၊ အာဏာကို တစ်လက် မကောင်း တစ်လက်ပြောင်းရင်းဖြင့် တည်ဆောက်လာကြသည်။

နိုင်ငံရေး အတွေးအခေါ် ပညာရှင်များဖြစ်သည့် အရစ္စတိုတယ်မှသည် မက်ခီယာဗယ်လီ၊ မွန်တက်စ်ကျူးနှင့် ရူးဆိုးမှသည် လီနင်တိုင်အောင် သူတို့ အဓိက ဖော်ထုတ်ခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ကြည့်လျှင် အာဏာကို ဗဟိုပြုသည့် အုပ်ချုပ်ရေးဆိုင်ရာ သဘောတရားများသာဖြစ်နေကြောင်း တွေ့ရမည် ဖြစ်သည်။ အစိုးရတစ်ရပ်သည် အာဏာကို မည်သို့ ထူထောင်ရမည်၊ ထိန်းသိမ်းရမည်၊ ကျင့်သုံးဆောင်ရွက်ရမည်ဆိုသည့် သဘောတရားများကို နှစ်ပေါင်းများစွာ ဖော်ထုတ်ရင်း နည်းစနစ်ပေါင်းစုံနှင့် စမ်းသပ်ကျင့်သုံးမှုကို ပြည်သူတို့ ခံခဲ့ကြရသည်။

နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားနည်းလမ်းကျစွာဖြင့် ပြည်သူများ ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူများသည် နိုင်ငံရေးအာဏာကို ဆက်ခံကျင့်သုံးခွင့်ရှိပြီး ထိုသူများကို အချုပ်အခြာအာဏာပိုင်များ အဖြစ် သတ်မှတ်ကြသည်။

အာဏာကို အသုံးပြုရာတွင် အောက်ပါအချက်များကို အတိအကျလိုက်နာနိုင်ရသည်။

- ဘက်လိုက်မှု မရှိရ၊
- လက်တွေ့အသုံးကျ ထိရောက်မှု ရှိရမည်၊
- ကာလအပိုင်းအခြား သတ်မှတ်ထားခြင်း မရှိရ၊
- မည်သူ့အတွက်သာ ဖြစ်ရမည်ဟူ၍ ခွဲခြားခြင်း မရှိရ၊


mgyoe.com

mgyoe.com SAMPLE BOOK

◆ လက်ရှိအခြေအနေနှင့် ကိုက်ညီစွာ ကျင့်သုံးနိုင်ရမည်၊
◆ အဆိုးအကောင်း၊ အကျိုးအကြောင်း ဆက်နွယ်မှု ရှိရမည်။

လူ့ဘောင်အဖွဲ့အစည်းတွင် အာဏာသည် သီးခြားရပ်တည်၍ မရပေ။ အာဏာသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှု စသည်တို့နှင့် ဆက်စပ်နေရသည်။ အာဏာကို စွဲကိုင်ထားသူများနှင့် အာဏာကျင့်သုံးခြင်းကို ခံယူမည့်သူများကြားတွင် အပြန်အလှန် ဆက်စပ်မှု သဘောတရားများ ရှိနေရမည် ဖြစ်သည်။

## အာဏာနှင့် နိုင်ငံတော်

လူ့ဘောင်အဖွဲ့အစည်းတွင် အစိုးရ ဆိုသည်မှာ အဓိကကျလာပြီး သီးသန့် ဖော်ဆောင်ပေးရသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာသည်။ နိုင်ငံရေးအာဏာ ဆိုသည်မှာ ထိုအဖွဲ့အစည်းအတွက် သီးခြားဖော်ဆောင်ပေးလာရသည့် အသွင် ဆောင်သည်။ ထိုအဖွဲ့အစည်းအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အာဏာကို အပ်နှံပေးထားခြင်းမရှိလျှင် အုပ်ချုပ်စီမံနိုင်စွမ်းလည်း ရှိတော့မည်မဟုတ်ပေ။

လူ့ဘောင်ကို စီမံခန့်ခွဲခြင်း ဆိုသည်မှာ ပေါ်လစီကို ရေးဆွဲရခြင်း၊ ပေါ်လစီကို ဆုံးဖြတ်ချက် ချမှတ်ရခြင်းများနှင့် သက်ဆိုင်ပါသည်။ အာဏာကို ကိုင်စွဲထားသူများအနေဖြင့် မိမိတို့ ချမှတ်ထားသည့် မူဝါဒများကို လိုက်နာစေရန် ဆောင်ရွက်ရမှုများ ရှိသလို လိုက်နာစေရန်အတွက် အာဏာကိုပင် ပြန်ကိုင်ရသည်များ ရှိတတ်သည်။ နိုင်ငံရေးစနစ်တိုင်းတွင် သဘောတရားရေး၊ ဖွဲ့စည်းတည်ဆောက်ရေးနှင့် ဗျူဟာများ ရှိရသည်။ ခိုင်မာမှသာလျှင် ထိန်းသိမ်းနိုင်မည်၊ ထိန်းသိမ်းနိုင်မှ အာဏာတည်မည်။ အာဏာတည်မှ အုပ်ချုပ်နိုင်မည် ဖြစ်သည်။

ဒီမိုကရေစီစနစ်လမ်းကြောင်းကို လိုက်နေသည့် နိုင်ငံများတွင် ဒီမိုကရေစီ သဘောတရားအရ အာဏာနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်များကြားတွင် အားပြိုင်မှုများ ရှိတတ်သည်။ အာဏာကို မျှဝေ သုံးစွဲခွင့်ပြုထားခြင်းကြောင့်လည်း အာဏာကို ပြန်လည်ချိန်ညှိရမှုများ ရှိကောင်းရှိနိုင်သည်။ အာဏာရှင်စနစ်တွင် အာဏာကို တစ်ဦးတစ်ယောက်တည်းက ထိန်းချုပ်ထားသဖြင့် မည်သူနှင့်မျှ အာဏာကို ခွဲဝေစရာ၊ ချိန်ညှိစရာမလိုဘဲ အာဏာရှင်သည် အာဏာကို သက်ရောက်စေမည့် အုပ်စုနှင့်သာ ညှိနှိုင်းလုပ်ကိုင်ကြကြောင်း တွေ့ရသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

**အာဏာ၏လားရာ**

အစိုးရသည် အာဏာကို ကျင့်သုံးရာတွင် ပထမအချက်အားဖြင့် အာဏာသည် စွဲကိုင်သူ (အစိုးရ) နှင့် အကျင့်သုံးခံ (ပြည်သူ) တို့ ကြားတွင် ဆက်သွယ်မှု ရှိရမည့်အပြင် အခြား အာဏာပိုင် အချင်းချင်းကြားတွင်လည်း အပြန်အလှန် ဆက်နွှယ်မှု ရှိစေရမည်။ မည်သည့်နိုင်ငံရေးစနစ်တွင်မဆို အာဏာလက်ကိုင်ထားသူအချင်းချင်း နားလည်မှုရှိမှ၊ အပေးအယူ ရှိမှသာလျှင် ညီညွတ်မျှတစွာဖြင့် အာဏာကို ဖော်ဆောင် ကျင့်သုံးနိုင်မည်ဖြစ်သည်။ ဒုတိယအချက်အားဖြင့် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်စွမ်း ရှိရမည်။ တတိယအချက်အားဖြင့် နိုင်ငံရေးစနစ်တစ်ခုကို အကောင်အထည် ဖော်ရာတွင် -

၁။ အာဏာလက်ကိုင်ထားသူတို့ကို သူ့အဆင့်အတန်း၊ သူ့ရာထူးအလိုက် သတ်မှတ်ပေးထားခြင်းအားဖြင့် မည်သူက ပိုပြီးတာဝန်ရှိကြောင်း၊ အာဏာကို သုံးစွဲခွင့်ရှိကြောင်း ဖော်ကျူးနိုင်ရမည် ဖြစ်သည်။

၂။ အာဏာကို ကိုင်စွဲထားသူအချင်းချင်း လုပ်ပိုင်ခွင့်နှင့် အာဏာကို ကွဲပြားစွာ သဘောပေါက်ထားရမည်ဖြစ်သည်။ ထို့ကြောင့် အာဏာကို ခွဲဝေခြင်းသည် အရေးကြီးသည်။

၃။ အာဏာကို တစ်ယောက်တည်းက ချုပ်ကိုင်ထားမှာလား၊ အဖွဲ့လိုက် ချုပ်ကိုင်ထားမှာလား၊ အများကို ခွဲဝေကာ လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းလိုက်မှာလား ကွဲပြားစွာ ဖော်ထုတ်ပြထားရန် လိုသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈) အရ ပုဒ်မ ၃ တွင် 'နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးတွင်တည်သည်' ဟု ဖော်ပြထားပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သဖြင့်လည်း နိုင်ငံသား (ပြည်သူ) ကို အဓိကထားခြင်း ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုကြောင်း၊ ထိုနိုင်ငံတော်အာဏာ သုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းထားကြောင်း ပုဒ်မ ၁၁ (က) နှင့် (ခ) တို့တွင် ဖော်ပြထားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

အာဏာကို မကျင့်သုံးမီ အာဏာကို ကိုင်တွယ်မည့်သူများအား မည်သို့ဖွဲ့စည်းမည်၊ ထိုအဖွဲ့အစည်းများအား မည်သည့်အာဏာများ အပ်နှင်းမည်၊ အပ်နှင်းထားသည့် အာဏာများကို မည်သည့်စည်းကမ်းများဖြင့် မည်သို့ကျင့်သုံးမည်တို့ကို အခြေခံဥပဒေဖြင့်သာ သတ်မှတ် ပြဋ္ဌာန်းကြရပါသည်။


ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံများတွင် နိုင်ငံတော်အာဏာရပ်များကို အလွဲသုံးစား မပြုလုပ်နိုင်ရန် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြန်အလှန်ထိန်းကျောင်းရသည့် စနစ်များ ရှိရပါသည်။ အုပ်ချုပ်သူ အာဏာပိုင်များကိုလည်း လူထုက ရွေးကောက်တင်မြှောက်ရပြီး လွှတ်တော်တွင်သာ အာဏာကို အပ်နှင်းထားပါသည်။ အများဆန္ဒအရ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပြီး ပြည်သူကို အုပ်ချုပ်ခွင့်အာဏာကို အပ်နှင်းထားပါသည်။ ဗဟိုအုပ်ချုပ်မှုနှင့် ချုပ်ကိုင်မှုကို ပယ်ဖျက်ပြီး ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များပေးခြင်းကို ဒီမိုကရေစီစနစ် အောင်မြင်နေပါသည်ဆိုသော အမေရိကန်ပြည်ထောင်စုတွင်ပင် ကျင့်သုံးနေကြောင်း တွေ့ရသည်။

*Ref : Political Power & Government Process, by Karl Loewenstein*


mgyoe.com

mgyoe.com SAMPLE BOOK

# အာဏာရှင်များ နေဝင်ချိန်




mgyoe.com

mgyoe.com SAMPLE BOOK

# အာဏာရှင်များ နေဝင်ချိန်

'အာဏာရှင်' ကို အင်္ဂလိပ်လို *Dictator* ဟု ခေါ်ပါသည်။ *Absolutist, autocratic* ဟူ၍လည်း ခေါ်ဆိုကြောင်း သိရသည်။ တိုင်းပြည်တစ်ပြည်အတွက် အရေးအကြီးဆုံးဖြစ်သည့် အာဏာကို တစ်ဦးက ဖြစ်စေ၊ အဖွဲ့တစ်ဖွဲ့က ဖြစ်စေ ထိန်းချုပ်ခြင်း ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ထိုထိန်းချုပ်မှုတွင် လက်နက်ကိုင် အဖွဲ့အစည်း သို့မဟုတ် စစ်တပ်က မဖြစ်မနေ ပါဝင်လာရမှုများလည်း ရှိနိုင်သည်။

ပဒေသရာဇ် မျိုးရိုးစဉ်ဆက် အုပ်စိုးမှုလက်အောက်မှ အာဏာသိမ်းခြင်း၊ မပီပြင်သော အုပ်ချုပ်သည့် အစိုးရလက်ထဲမှ အာဏာသိမ်းခြင်း၊ အာဏာရှင် လက်ထဲမှ အာဏာပြန်သိမ်းခြင်း ဟူ၍ အသွင်အမျိုးမျိုး ရှိနိုင်သည်။ ထိုသို့ အာဏာသိမ်းပြီးနောက် လက်နက်ကိုင် အဖွဲ့အစည်း၏ ခေါင်းဆောင်တစ်ဦးဦး သို့မဟုတ် ထိုလက်နက်ကိုင် အဖွဲ့အစည်းမှ ထောက်ခံသည့်သူ တစ်ဦးဦးက တိုင်းပြည်၏ ခေါင်းဆောင်နေရာကို ယူပြီး တိုင်းပြည်ကို အုပ်ချုပ်လျှင် 'အာဏာရှင်' ဟူ၍ သမုတ်လိုက်ကြသည်က များသည်။ ရှေးဟောင်း ရောမ အင်ပါယာခေတ်က တရားသူကြီးတစ်ဦးကို တိုင်းပြည်၏ အရေးပေါ် အခြေအနေအရ လွှတ်တော်က အုပ်ချုပ်ရန် တာဝန်ပေးအပ်လိုက်ရခြင်းမှ စတင်ပြီး အာဏာရှင် ဆိုသည့်စကား ပေါ်ထွန်းလာရကြောင်း မှတ်သားဖူးပါသည်။

မျက်မှောက်ခေတ်တွင် အာဏာရှင် ဆိုသည်မှာ သီးခြားအာဏာ ကျင့်သုံးခွင့်အနေဖြင့် အာဏာကို ချုပ်ကိုင်ခြင်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ဆိုလိုသည်မှာ တိုင်းပြည်တစ်ပြည်တွင် ပြဋ္ဌာန်းထားသည့် တရားဥပဒေအတိုင်း ကျင့်သုံးရန်၊ လိုက်နာရန် ပျက်ကွက်လာလျှင်၊ နိုင်ငံတည်ငြိမ်ရေးနှင့် တရား



mgyoe.com

mgyoe.com
SAMPLE BOOK

ဥပဒေ စိုးမိုးရေးအတွက် ဥပဒေကြောင်းအရ မည်သို့မျှ ဆောင်ရွက်နိုင်စွမ်း မရှိတော့လျှင် စစ်တပ်က ကြားဝင်လာရသည့် သဘောရှိသည်။

အာဏာရှင် ဟူ၍ ခေါ်ဆိုရသည့် အခြား အကြောင်းတရားများ ရှိပါသေးသည်။ ရွေးကောက်ပွဲကို သံသယဖြစ်ခြင်း၊ လုပ်ပိုင်ခွင့်များဆုံးရှုံးခြင်း၊ နိုင်ငံတွင် 'အရေးပေါ် အခြေအနေ ဟူ၍ ကြေညာရလောက်အောင် အခြေအနေက ဆိုးရွားလာခြင်း၊ တစ်ချက်လွှတ်အမိန့် ဥပဒေများဖြင့် စိုးမိုးချုပ်ကိုင်လွန်းခြင်း၊ အတိုက်အခံများကို ဖိနှိပ်ချုပ်ချယ်လွန်းခြင်း၊ ဥပဒေက မည်သို့ဆိုစေ လုပ်ချင်ရာ လုပ်လွန်းခြင်း အခြေအနေများတွင်လည်း တိုင်းပြည်စိုးမိုးအုပ်ချုပ်သူကို အာဏာရှင် ခေါင်းစဉ်တပ်လေ့ရှိသည်။ အထူးသဖြင့် တိုင်းပြည်တစ်ပြည်တွင် တစ်ပါတီစနစ် လွှမ်းမိုးလွန်းလျှင်၊ ခေါင်းဆောင်ကြီးဟူ၍ မွေးမြူကိုးကွယ်လွန်းလျှင်လည်း အာဏာရှင်များ ပေါ်ပေါက်လာတတ်ပါသည်။

ရှေးဂရိခေတ်က *tyrant* ဟူသည့် စကားလုံးကိုလည်း အာဏာရှင်အနေဖြင့် သုံးကြသေးသည်။ *Tyrant* သည် *dictator* နှင့်မတူပေ။ *Tyrant* က ဘုရင်၏ အုပ်ချုပ်မှုမျိုး အသွင်ဆောင်ပြီး ပြင်းထန်သည့်သဘောမဆောင်ပေ။ စစ်တပ်မှ အာဏာသိမ်းပြီး အုပ်ချုပ်ခိုင်းသည့် ပုဂ္ဂိုလ်၊ တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ခွင့်ရသူ၊ ထိန်းချုပ်မှုအောက်မှ အရပ်သား အစိုးရများကိုလည်း အာဏာရှင်အဖြစ် သတ်မှတ်တတ်ကြသေးသည်။

အာဏာရှင်အဖြစ် သမုတ်ခံရသည့် အုပ်ချုပ်သူများသည် လက်ဝဲယိမ်းလည်း ဖြစ်နိုင်သည်။ လက်ယာယိမ်းလည်း ဖြစ်နိုင်သည်။ အရင်းရှင် လက်ဝေခံအာဏာရှင်၊ ဆိုရှယ်လစ် ကွန်မြူနစ် လက်ဝေခံအာဏာရှင်တွေလည်း တစ်ပုံတစ်ပင် ပေါ်ထွက်ဖူးသည်။ ကမ္ဘာ့အာဏာရှင်အဖြစ် နာမည်ကျော်သူများစာရင်းတွင် အီဒီအာမင်၊ ဖီဒယ် ကာ့စ်ထရို၊ နီကိုလေး ချောင်ဆက်စကူး၊ ဖရန်စစ္စကို ဖရန်ကို၊ မွန်မာ ကဒါဖီ၊ အဒေါ့ဖ် ဟစ်တလာ၊ အန်ဗာ ဟိုးဆား၊ ဆဒမ်ဟူစိန်၊ ကင်ဂျုံအီ၊ အလီ ခါမေနီ၊ အလက်ဇန်းဒါး လူကာရှင်ကို၊ ဖာဒီနန်မားကို့စ်၊ မန်ဂျစ်စတူး ဟေလီ မာရီယန်၊ ရောဘတ် မူဂါဘီ၊ ဘင်နစ်တို မူဆိုလိုနီ၊ သြဂတ်စ်တို ပီနိုချက်၊ ပိုလ် ပေါ့၊ ဂျိုးဆက် စတာလင်၊ ဆူဟာတို၊ မော်စီတုံး၊ မီလက်စ် ဇီနာဝီတို့ ပါဝင်နေသည်။

ခေတ်သစ်အာဏာရှင် ဆိုသည်မှာ တိုင်းပြည်ကို သူ့ဆန္ဒ သူ့သဘောဖြင့် ထင်သလို အမိန့်ထုတ် အုပ်ချုပ်ခြင်းဖြစ်သည်။ ဒီမိုကရေစီ လှိုင်းတံပိုးများ အရှိန်ပြင်းထန်နေချိန်တွင် အာဏာရှင်တို့ နေဝင်ချိန် ဖြစ်လာသည်။ ကိုယ့်သဘောနှင့်ကိုယ် အုပ်ချုပ်ခြင်းမှ အများသဘော၊ ပြည်သူ့သဘော၊ ပြည်သူ့ဆန္ဒ


mgyoe.com

mgyoe.com
SAMPLE BOOK

အရသာ အုပ်ချုပ်ခြင်းဖြင့် တိုင်းပြည်ကောင်းစားမည်ကို ထည့်တွက်လာကြရသည်။ ဒီမိုကရေစီက အာဏာရှင်တွေကို *Do or Die* အသွင်ဖြင့် ခြိမ်းခြောက်လာသည်။

ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သည့် အာဏာရှင် *(Constitutional Dictatorship)* စနစ်အကြောင်းကိုလည်း ပြောချင်ပါသည်။ အရေးပေါ် အခြေအနေအရ တိုင်းပြည်ကို ထိန်းသိမ်း အုပ်ချုပ်လိုက်ရသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်ကို အုပ်ချုပ်ရခြင်းဖြစ်ကြောင်း ပုံဖော်သွားသူများလည်း ရှိသည်။ ဥပမာ- မြန်မာနိုင်ငံတွင် ၁၉၅၈-၅၉ ခုနှစ်ကာလများအတွင်း တိုင်းပြည် အခြေအနေကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် အစိုးရအဖွဲ့သည် အိမ်စောင့်အစိုးရအနေဖြင့် တက်လာသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ခြောက်လသာ အုပ်ချုပ်ခွင့် ရှိသောကြောင့် ခြောက်လပြည့်သောအခါတွင် အစိုးရအဖွဲ့က နုတ်ထွက်ကြသည်။ သို့သော် တိုင်းပြည်မငြိမ်းချမ်းသဖြင့် အခြေအနေနှင့် လိုအပ်ချက်အရ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ပြင်ဆင်ပြီး အုပ်ချုပ်ရေးကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သည် ဆိုသည့်ပုံစံဖြင့် ဖော်ဆောင်ပြခဲ့ဖူးသည်။ ထိုနည်းအတိုင်း အင်ဒိုနီးရှားနိုင်ငံတွင်လည်း ဆူဟာတိုက ကျင့်သုံးခဲ့ဖူးသည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း အမေရိကန် ပြည်တွင်းစစ်ပွဲကာလတွင် သမ္မတသည် အထူးအာဏာဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းသွားခဲ့ကြောင်း တွေ့ရသည်။ သမ္မတ အေဘရာဟင် လင်ကွန်းသည် အရေးပေါ် အခြေအနေတွင် လွှတ်တော်ကိုယ်စား သမ္မတအာဏာဖြင့် အုပ်ချုပ်သွားခြင်းသည် အာဏာရှင် သဘောမျိုးဖြင့် အုပ်ချုပ်ခိုင်းခြင်း ဖြစ်သည်။ ထိုအချိန်တွင် သမ္မတ တိုက်ရိုက်အမိန့်ဖြင့် ဖမ်းဆီးနိုင်ခြင်း၊ သဘောထား ကွဲလွဲသူများကို ထောင်ချနိုင်ခြင်း၊ သံသယရှိသူများကို ရုံးတော်သို့ခေါ်ပြီး စစ်ဆေးနိုင်ခြင်း စသည့်အာဏာများကို အပြည့်အဝ အသုံးချခဲ့ကြောင်း တွေ့ရသည်။ လင်ကွန်းသည် လွှတ်တော်ကို ကြိုးကြပ်ခြင်း၊ တရားရေးဌာန ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရခြင်း၊ ရွေးကောက်ပွဲအတွက် အဆုံးအဖြတ်ပေးပိုင်ခွင့် ရရှိထားခြင်းများသည် ဒီမိုကရေစီနှင့် မဆိုင်သော အာဏာရှင်စနစ်အသွင်ဖြင့် အုပ်ချုပ်ခွင့် ရခဲ့ခြင်းဖြစ်သည်။ ယင်းကိုလည်း *constitutional dictatorship* ဟူ၍ခေါ် ဆိုနိုင်ပါသည်။

အာဏာရှင်တွေ ကံဆိုးမိုးမှောင်ကျနေပြီလား။

ဒီမိုကရေစီ လှိုင်းတံပိုးတွေ ထန်လာချိန်တွင် အာဏာရှင်တွေ ကံဆိုးမိုးမှောင် ကျလာသည်။ မုန်တိုင်းသည် သူ တိုက်ချင်သည့်အချိန်တွင် တိုက်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ကြိုတင်ခန့်မှန်းနိုင်သော်လည်း အတိအကျ ပြောနိုင်ရန်ကား ခက်လှသည်။ အာဏာရှင်များ ကျဆုံးတော့မည်ကို ၂၀၁၀ ပြည့်နှစ် အလွန်လောက်ကတည်းက မြင်လာကြသည်။ သို့သော် အတိအကျ ပြောနိုင်ရန်ကား ခက်လှသည်။ အာဏာရှင်တွေ အဘယ်ကြောင့် ကျဆုံးရကြောင်း ပြန်သုံးသပ်ကြည့်လျှင် အာဏာသိမ်းခြင်းကြောင့် လည်းကောင်း၊ လုပ်ကြံသတ်ဖြတ်ခံရခြင်းကြောင့် လည်းကောင်း၊ တော်လှန်ရေးကြောင့် လည်းကောင်း၊ စစ်ရှုံးသောကြောင့် လည်းကောင်း၊ အခြေအနေက ရုတ်ချည်းပြိုလဲစရာ အကြောင်းတစ်ခုခု ပေါ်လာသောကြောင့် လည်းကောင်း ဖြစ်နိုင်သည်။ သို့သော် မည်သည့်နေ့၊ မည်သည့် ရက်၊ မည်သည့်အချိန်တွင် ကျဆုံးတော့မည်ကိုကား အတိအကျ ခန့်မှန်းနိုင်ရန် ခက်ခဲလှသည်။ ဆိုဗီယက် အင်ပါယာကြီး မမျှော်လင့်ဘဲ ပြိုလဲခဲ့သည်။ မည်သူမျှ ကြိုတင်မမျှော်မှန်းဝံ့သည့် နိုင်ငံရေး အနေအထားတစ်ခု ဖြစ်ခဲ့သည်။

အမှန်တော့ အာဏာရှင်တွေ ကံဆိုးမိုးမှောင်ကျနေပြီလားဆိုသည့် မေးခွန်းသည် အမေးမှားနေသည်ဟုထင်သည်။ အခြေအနေ အပြောင်းအလဲဆိုသည်မှာ နိုင်ငံရေးတွင် အမျိုးမျိုးရှိနိုင်သည်။ အာဏာရှင်တစ်ယောက် ကျဆုံးလျှင် နောက်အာဏာရှင်တစ်ယောက် တက်လာသည့် ဖြစ်စဉ်များလည်း ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် အာဏာရှင်တွေ ကံဆိုးမိုးမှောင်ကျမကျ ဆိုသည်မှာ မည်သည့်နိုင်ငံမှ အာဏာရှင်လဲဟု အတိအကျ မေးမှသာ ခိုင်လုံသည့်အဖြေကို ရရှိနိုင်မည် ထင်သည်။ အာဏာရှင်တို့သည် အခြေအနေ အကျပ်အတည်းတစ်ခုခုကြောင့် ကျဆုံးလျှင် သူ့နေရာ၌ သူ့ထက်ပိုခိုင်မာ၊ ပိုတင်းကျပ်သည့် နောက်တစ်ယောက် တက်လာတတ်ပြီး ထိုအလှည့်အပြောင်းက စိတ်ဝင်စားစရာကောင်းသည်။ အမှန်တော့ ကံဆိုးမိုးမှောင်ကျနေပြီလား ဆိုခြင်းထက် မည်သို့ ကံဆိုးမိုးမှောင်ကျကြသလဲဟု မေးမှသာ ပြည့်စုံမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဘုရင်စနစ်ကို ကျင့်သုံးသည့်နိုင်ငံများ ကျင့်သုံးနေကြသော်လည်း ဘုရင်တို့တွင် အာဏာ အပြည့်အဝ ကျင့်သုံးနိုင်သည့် အနေအထား မဟုတ်တော့။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သည့် ဘုရင်စနစ် လက်ကျန်မျိုးသာ ရှိတော့သည်။ ကဒါဖီတစ်ယောက် အသေအလဲ အတိုက်အခိုက်ခံရပြီးနောက် ပစ်စလက်ခတ် သေလိမ့်မည်ဟု မည်သူ ထင်မည်နည်း။ ဆဒမ်ဟူစိန်လည်း အသေဆိုးနှင့် သေလိမ့်မည်ဟု မှန်းဆထားမည်မဟုတ်။ အလားတူ ဆိုဗီယက် အင်ပါယာကြီး ပြိုလဲပြီး ဂေါ်ဘာချက်တစ်ယောက် ကျဆုံးရလိမ့်မည်ဟုလည်း ထင်ထားလိမ့်မည် မဟုတ်ပေ။


mgyoe.com

mgyoe.com SAMPLE BOOK

၁၉၅၃ ခုနှစ်တွင် အီရန်နိုင်ငံ၌ ဝန်ကြီးချုပ် မိုဟာမက် မိုဆာဒက်သည် ရှားဘုရင်ကို နိုင်ငံရပ်ခြားသို့ မောင်းထုတ်နိုင်ခဲ့သည်။ တီဟီရန်မြို့ လမ်းမကြီးများပေါ် သို့ ပြည်သူတွေ သန်းနှင့်ချီ ထွက်လာပြီး တစ်နိုင်ငံလုံး မိုဆာဒက်၏ အောင်ပွဲကို ချီးကျူးဂုဏ်ပြုကြသည်။ ရတ်တရက် ရှားဘုရင် ပြန်ရောက်လာပြီး မိုဆာဒက်ကို ဖြုတ်ချကြပြန်သည်။ ထိုအချိန်တွင်လည်း ပြည်သူတွေ သန်းနှင့်ချီပြီး အောင်ပွဲတွေ ကျင်းပကြပြန်သည်။ နောက် မကြာမီ မိုဆာဒက်ကို ထောက်ခံသည့် ဆန္ဒပြပွဲတွေ လုပ်ကြပြန်သည်။ အာဏာရှင်တွေ အတက်အကျ ပြည်သူတွေ၏ ဆန္ဒကလည်း အတည်တကျ မရှိကြောင်း တွေ့ရသည်။

၂၀၀၉ နွေရာသီ၌ အီရန်တွင် လူတွေ သန်းနှင့်ချီပြီး လမ်းပေါ် ထွက်လာကြပြန်သည်။ ရွေးကောက်ပွဲ လိမ်လည်မှုကို အကြောင်းပြုပြီး လက်ရှိ အာဏာရနေသည့် မာမွတ် အာမာဒီနီဂျတ်ကို ကန့်ကွက်ဆန္ဒပြကြပြန်သည်။ အစိုးရအနေဖြင့် အတင်းအကျပ် ဖိနှိပ်ချေမှုန်းရေးကို ကျင့်သုံးသော်လည်း လူတွေက ဆန္ဒဆက်ပြကြသည်။ ယနေ့ခေတ်တွင် အတင်းအကျပ် ဖိနှိပ်ရေး လမ်းစဉ်သည် ခေတ်မမီတော့ကြောင်း သက်သေပြလာသည်။ အစိုးရတစ်ရပ် တည်မြဲရေးအတွက် ပြည်သူကို ဖိနှိပ်ရမည် ဆိုသည့် သဘောတရားသည် ခေတ်သစ်စိန်ခေါ် ချက်တစ်ရပ် ဖြစ်လာသည်။ အစိုးရက ဆန္ဒပြသူတွေကို အပြင်းအထန် ချေမှုန်းသည်။ အတိုက်အခံတွေကို ဖမ်းဆီး၊ နှိပ်စက်ညှဉ်းပမ်း၊ သတ်ဖြတ်ကာ အာဏာတည်မြဲရေးအတွက် လုပ်ဆောင်သည်။


ဆီးရီးယားနိုင်ငံတွင် အတိုက်အခံ ဆန့်ကျင်သူများကို နိုင်ငံတကာ ထောက်ခံမှုများ ရရှိလာခြင်းသည် အာဆတ်အတွက် သေရေးရှင်ရေး ဖြစ်လာသည်။ ဆီးရီးယားတွင် အတိုက်အခိုက်တွေ များလာသည်။ သူနိုင်ကိုယ်နိုင် အပြိုင်ကြနေကြခြင်းဖြစ်သည်။ အာဆတ်ကို ရှုံးနိမ့်စေချင်ပါက အိုဘားမား အပြောနှင့် ပြောရလျှင် သူ့ရန်သူတွေကို ထောက်ပံ့ရမည်သာဖြစ်သည်။ ဆီးရီးယားတွင် အတိုက်အခံတွေက သူ့သဘောသူဆောင် အောင်နိုင်မည်သာဖြစ်သည်။ ကဒါဖီ၏ ရန်သူများသည် အနောက်စစ်တပ်၏ အထောက်အပံ့ အကူအညီ မပါဘဲ ကဒါဖီကို ဖမ်းဆီးရသွားသလိုမျိုး ဖြစ်သည်။ အာဏာရှင်ပုံစံမျိုးဖြင့် အုပ်ချုပ်သည့်နိုင်ငံများတွင် ဒီမိုကရေစီအရေးက အားသာလာခြင်း၊ လွတ်လပ်ခွင့်ကို တောင်းဆိုလာခြင်း၊ ခေတ်စနစ်ကို မျက်ကွယ်ပြုခြင်းများသည် အာဏာရှင်တို့ နေဝင်ချိန်ပင် ဖြစ်ပါသည်။

*Ref: http://www.123helpme.com/view.asp?id*

mgyoe.com

.mgyoe.com SAMPLE BOOK

# ဆော့ဗ်ပါဝါနှင့် အင်ဖော်မေးရှင်းပါဝါ




သတင်းအချက်အလက်သည်
မျက်မှောက်ခေတ်၏ ပါဝါဖြစ်သည်။
ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်သည်
သတင်းအချက်အလက် စားသုံးသူများ
ဖြစ်လာသည်။ သတင်းအချက်အလက်
များသည် ဝါဒဖြန့်နိုင်ရုံမျှမက ပြည်သူ
တွေကို မျက်စိဖွင့်၊ နားစွင့်တတ်စေရန်
လေ့ကျင့်ပေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဆော့ဖ်ပါဝါနှင့် အင်ဖော်မေးရှင်းပါဝါ

အာဏာ *(Power)* အကြောင်းပြောရန် ဦးစွာလိုအပ်လာသည်။ အာဏာနှင့် ပတ်သက်ပြီး ဤနေရာတွင် အမျိုးအစားပေါင်း များစွာအနက်မှ နိုင်ငံရေး အာဏာကို ဆိုလိုကြောင်း ဦးစွာသိထားစေချင်ပါသည်။ အာဏာကို ဤသို့ အဓိပ္ပာယ် ဖွင့်ကြပါသည်။ *"the ability of A to make B do something B would not choose to do"* ဟူ၍ ဖွင့်ဆိုချက်လေးသည် အထိရောက်ဆုံး ဖြစ်မည် ထင်ပါသည်။ တစ်ဦးတစ်ယောက်အနေဖြင့် ဘာလုပ်ရမှန်းမသိချိန် တွင် ဘာလုပ်ပါဟု အဆုံးအဖြတ်ပေးနိုင်သည့် စွမ်းအားကို ပါဝါဟု ခေါ်ပါ သည်။ အာဏာသည် အရှိန်အဝါရှိသည်၊ လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ပြင် အာဏာသည် အတင်းအကျပ် ပြုလုပ်စေသည့် သဘော၊ တိုက်တွန်းသည့် သဘော၊ ဆွဲဆောင်သည့်သဘောများလည်း ရှိသည်။ အာဏာထိရောက်ရန် အမိန့် ဆိုသည့် သဘောတရားက နောက်မှကပ်လိုက်လာသည်။ ကိုယ် ဖြစ်စေ ချင်သည်ကို ဖြစ်ရန်အတွက် ခြိမ်းခြောက်မှု၊ တိုက်တွန်းမှုတွေလည်း ပါကောင်း ပါလာနိုင်သည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝါ ရှိခြင်း မရှိခြင်း ဆိုသည်မှာ -

၁။ လူဦးရေ များပြားစွာ နေထိုင်ခြင်း၊

၂။ နယ်မြေပိုင်နက် တိကျစွာ သတ်မှတ်ထားနိုင်ခြင်း၊

၃။ သဘာဝရင်းမြစ် သယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ခြင်း၊

၄။ စီးပွားရေး တောင့်တင်းခိုင်မာခြင်း၊

၅။ စစ်တပ်ခိုင်မာ တောင့်တင်းခြင်း၊



mgyoe.com

mgyoe.com
SAMPLE BOOK

၆။ လူမှုရေးနှင့် နိုင်ငံရေး တည်ငြိမ်ခြင်း စသည့်အချက်များအပေါ်တွင် မူတည်သည်။

အထက်ပါ ရင်းမြစ်များ ရှိနေသဖြင့် အင်အားကြီးနိုင်ငံ တစ်နိုင်ငံဟူ၍ ခေါ်ဆိုရန်မှာ အပြည့်အဝ မမှန်ကန်နိုင်ပေ။ ဥပမာ အထက်ဖော်ပြပါ အချက်အလက်များ၊ ရင်းမြစ်များသည် အမေရိကန်နိုင်ငံက ဗီယက်နမ်နိုင်ငံထက် ပိုပြီးသာလွန် ပြည့်စုံသည်ဟု ဆိုရမည်။ သို့သော် အမေရိကန်တို့ ဗီယက်နမ်စစ်ပွဲတွင် အရှုံးကြီး ရှုံးခဲ့သည်။ အမေရိကန်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ပထမဦးဆုံး စူပါပါဝါနိုင်ငံ တစ်နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံနေရချိန် စက်တင်ဘာ ၁၁ ရက်နေ့တွင် မမျှော်လင့်ဘဲ အတိုက်ခံလိုက်ရသည်။ စူပါပါဝါရှိတိုင်း လွှမ်းမိုးချုပ်ကိုင်နိုင်ခြင်း မရှိပေ။ ခေါင်းဆောင်ကောင်းတစ်ယောက်ဆိုသည်မှာ မိမိနိုင်ငံအတွင်းရှိ စွမ်းအင်ရင်းမြစ်များကို အကောင်းဆုံးဗျူဟာများဖြင့် အထိရောက်ဆုံးဖြစ်အောင် စီမံဖန်တီးနိုင်သူဖြစ်ရန်လည်း လိုသည်။ ခေါင်းဆောင်ကောင်း၊ ဗျူဟာကောင်းသော်လည်း ဆုံးဖြတ်ချက်မကောင်းလျှင် နိဂုံးမကောင်းတတ်ပေ။ ဥပမာ ၁၉၄၁ ခုနှစ် ခေါင်းဆောင်ကြီး ဟစ်တလာ၏ အဆုံးအဖြတ်နှင့် ၁၉၉၀ ခုနှစ် ဆဒမ်ဟူစိန်၏ အဆုံးအဖြတ်များမှမျိုးဖြစ်သည်။

**ဆော့ဖ်ပါဝါ**

ခေါင်းဆောင်မှုဆိုသည်မှာ 'ရှေ့သို့ချီတက်ရန် ခေါင်းဆောင်ခြင်း'၊ 'ဦးဆောင်လမ်းပြခြင်း' ဆိုသည့် အဓိပ္ပာယ်ဆောင်သည်။ ခေါင်းဆောင်မှုတွင် ဦးတည်ချက်ရှိရမည်။ ပန်းတိုင်ရှိရမည်။ လိုရာသို့ရောက်အောင် ပို့ဆောင်နိုင်စွမ်းရှိရမည်။ ခေါင်းဆောင်မှုတွင် အမျိုးအစားပေါင်း များစွာ ရှိနိုင်သည်။ မည်သို့ဆိုစေ ခေါင်းဆောင်မှုသည် နောက်လိုက်သူများနှင့် အပြန်အလှန် ဆက်စပ်မှုတော့ရှိနေရမည်။ ခေါင်းဆောင်မှုနှင့် အာဏာ ဆိုသည်မှာ ခွဲခြားမရသည့်ကိစ္စဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်သည် အမြင်ရှိခြင်း၊ ပူးပေါင်း ဆက်သွယ်ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ ပြည်သူကို ဆွဲဆောင်နိုင်စွမ်းရှိခြင်း၊ တာဝန်ပေးအပ်ရလောက်အောင် ယုံကြည်ကိုးစားနိုင်သည့် အစွမ်းသတ္တိ အရည်အချင်းရှိခြင်း၊ အခြေအနေကို သုံးသပ် ဆုံးဖြတ်နိုင်စွမ်းရှိပြီး လိုအပ်သလို စီမံဆောင်ရွက်နိုင်ခြင်းတို့ကို ဆော့ဖ်ပါဝါ *(Soft Power)* ဟူ၍ ခေါ်ဆိုနိုင်ပါသည်။

လူတိုင်း ဟာ့ဒ်ပါဝါနှင့် ရင်းနှီးကြသည်။ စစ်ဘက်နှင့် စီးပွားရေးတို့က ဟာ့ဒ်ပါဝါဖြင့် ပြောင်းလဲမှုကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်တတ်သည်။ ဟာ့ဒ်ပါဝါ၏ သဘောတရားသည် မုန့်ပြ သို့မဟုတ် တုတ်ပြ သဘောတရားဖြစ်


mgyoe.com